# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၁၃၆)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို တို့က (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့သည် ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပသည့် မြို့တော်ခန်းမဥပစာရင်ပြင်သို့ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပြည်ထောင်စု ဝန်ကြီး နိုင်သက်လွင်နှင့် ဇနီး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❇



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံမြို့၌ ကျင်းပသည့် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံမြို့၌ ကျင်းပသည့် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြား

**တောင်ကြီး ဖေဖော်ဝါရီ ၁၂**

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်ကွင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊

*စာမျက်နှာ ၄ ကော်လံ ၁* ❏

## ထူးခြားသည့် ညအပူချိန်

၁၂-၂-၂၀၂၀

| | | | |
|---|---|---|---|
| ဟားခါးမြို့ | - ၄ ဒီဂရီစင်တီဂရိတ် | ဟဲဟိုးမြို့ | ၅ ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၃ ဒီဂရီစင်တီဂရိတ် | မိုင်းယန်းမြို့ | ၆ ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့ | ၄ ဒီဂရီစင်တီဂရိတ် | မင်းတပ်မြို့ | ၆ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၅ ဒီဂရီစင်တီဂရိတ် | မိုးကုတ်မြို့ | ၆ ဒီဂရီစင်တီဂရိတ် |

**ကျယ်ကျန်းပြည်နယ်မှ လူများ ဂျပန်နိုင်ငံအတွင်း ဝင်ရောက်မှုကို ပိတ်ပင်သွားမည်**

စာ ၁၅




# သခင်အောင်ဆန်း ဗိုလ်ချုပ်အောင်ဆန်း ဦးအောင်ဆန်း

အောင်ဆန်းဆိုသည့် နာမည်ကို မြန်မာတွင်သာမက နိုင်ငံတကာကပါ ရင်းနှီးကျွမ်းဝင်ကြသည်။ နိုင်ငံတကာသမိုင်းကို နှံ့စပ်နားလည်သူများသည်ကား အောင်ဆန်းဆိုသည့် အမည်ကို အမျိုးသားခေါင်းဆောင်၊ သူရဲကောင်း၊ ထက်မြက်သလောက် ရိုးသားဖြူစင်သူအဖြစ် အသိအမှတ်ပြုကြသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီးအဖြစ် ခေတ်ပြိုင်နိုင်ငံရေးသမားများကရော၊ လုပ်ဖော်ကိုင်ဖက်များကရော၊ သူ့ကိုမုန်းသူများကပါ တလေးတစားရှိကြသည်။ သူ၏ ထက်မြက်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်က ကြောက်ခမန်းလိလိဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီးအဖြစ် သူကျဆုံးချိန်က သူ၏အသက်မှာ သုံးဆယ့်သုံးနှစ်မျှသာရှိသေးသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများအားလုံး၏ ရှေ့ဆုံးတန်းက ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့၏။ ရန်သူ မိတ်ဆွေအားလုံးက ဦးညွှတ်ကြရသည့် ခေါင်းဆောင်ဖြစ်ပါသည်။

ဒေါင်ဒေါင်မြည် မျိုးချစ်သူရဲကောင်းဟု ဆိုသော်လည်း မျက်ကန်း မျိုးချစ်မဟုတ်။ နိုင်ငံတကာအမြင်ရှိသူ၊ အမြင်ကျယ်သူဖြစ်၏။ ဒီမိုကရေစီကို ယုံကြည်သူ၊ ညီညွတ်ရေးကို ဦးဆောင်ဦးရွက်ပြုနိုင်သူ၊ လူမွဲတို့၏ ထွက်ရပ်လမ်းကို ရှာဖွေထိုးဖောက်အရောက်သွားလိုသူ။

တိုင်းပြည်အတွက် ပြည်သူလူထုအတွက်ဆိုသည်ကလွဲ၍ အခြားမစဉ်းစားသူဖြစ်သည်။ လွတ်လပ်ရေးတိုက်ပွဲအတွက်ဖြစ်မည်ဆိုလျှင် မည်သူနှင့်မဆို စေ့စပ်ညှိနှိုင်းသည်၊ လက်တွဲအလုပ်လုပ်ဖို့ အဆင်သင့်ဖြစ်သည်၊ အာဃာတမရှိ။ ညီညီညွတ်ညွတ် လက်တွဲလုပ်လိုသူလည်းဖြစ်သည်။ သဘောထားချင်း မတိုက်ဆိုင်ရုံမျှနှင့် ဘေးဖယ်မထား။ အမှန်တရားကို ယုံကြည်သည်။ သတ္တိရှိသည်။ ရင်ဆိုင်ရဲသည်၊ ဆွေးနွေးရဲသည်၊ အဖြေရှာရဲသည်။

ဒေါက်တာဘမော်နှင့်အတူ အလုပ်လုပ်သည်။ ဘကြီးဘဘောနှင့်လည်း အတူတွဲသည်။ ဦးနု၊ ဦးကျော်ငြိမ်း၊ ဦးဘဆွေတို့နှင့် အလုပ်အတူလုပ်သည်။ လက်ဝဲအင်အားစုများဖြစ်သည့် သခင်စိုး၊ သခင်သန်းထွန်း၊ သခင်သိန်းဖေတို့နှင့် ယုံယုံကြည်ကြည် အလုပ်လုပ်သည်။ လက်ဝဲဆန့်ကျင်ရေးအင်အားစုများနှင့်လည်း အလုပ်တွဲလုပ်သည်။ သူ့၏ အမှန်တရားပေါ်မှာ ရပ်တည်နိုင်မှုနှင့် သဘောထားကို သူယုံကြည်သည်။ ယနေ့ခေတ်စားနေသည့် အားလုံးပါဝင်နိုင်ရေးဆိုသည့် (all inclusive)အမြင် ခိုင်ခိုင်မာမာရှိသူဖြစ်သည်။

မှန်မှန်ကန်ကန်ပြောသည်၊ သူပေးသည့်ကတိကို သူတည်အောင်နေသည်။ တစ်နှစ်အတွင်း လွတ်လပ်ရေးရစေရမည်ဟု ပြောခဲ့သည့်အတိုင်း သူကျဆုံးပြီးဖြစ်သော်လည်း လွတ်လပ်ရေး တစ်နှစ်အတွင်း ရခဲ့ပေသည်။

သက်ရှိထင်ရှား ရှိနေဦးမည်ဆိုပါက ယနေ့ဆိုလျှင် ဦးအောင်ဆန်း၏ အသက် တစ်ရာ့ငါးနှစ် ပြည့်ပြီ။ နိုင်ငံအတွက် လူမျိုးအတွက် သူဆောင်ရွက်သွားခဲ့သည်တို့က များလှ၏။ သူ အသက်ရှင်နေထိုင်သွားခဲ့သည့် သက်တမ်းနှင့်မမျှ။ သူ့ကျေးဇူးများက နိုင်ငံအတွက် များစွာရှိနေသည်ပဲဖြစ်၏။

လက်နက်အားကိုးဖြင့် အာဏာလောဘရှိသူတို့၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသော်လည်း သူ၏ လုပ်ရပ်တို့က ကွယ်ပျောက်မသွား။ မည်သူတို့က မည်သို့ပင် ဖျောက်ဖျက်ချင်သည်ဖြစ်စေ သူ၏ နာမည်ကောင်းတို့က တိမ်မြုပ်မသွား။

သူနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော ဒီမိုကရေစီနိုင်ငံ၊ တိုင်းရင်းသားတို့ သွေးစည်းညီညွတ်သောနိုင်ငံ၊ ငြိမ်းချမ်းသော နိုင်ငံအဖြစ်သို့ ကြိုးစားအားထုတ်ခြင်းသည် မြန်မာနိုင်ငံ၏ မှန်ကန်သည့် နိုင်ငံရေးလမ်းစဉ်ဖြစ်သည်ဟု ယုံကြည်လျက် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျရောက်သည့် ဦးအောင်ဆန်း၏ မွေးနေ့ကို ဂုဏ်ပြုလိုက်ပါကြောင်း။ ။

## ဦးညွှတ်ပါသည် ဗိုလ်ချုပ်

* နတ်မောက်မြို့ဇာတိ
ကမ္ဘာသိ သူ့နာမည်
အောင်ဆန်းဇာနည်၊
လက်ရုံးနှလုံးပြည့်စုံသည်
လူပီတဲ့လူသား၊
တိုင်းပြည်အတွက် လွတ်လပ်ပန်းကို
ဆင်မြန်းလို့ထား။

* ကျေးဇူးတရားကို တို့မမေ့
မွေးနေ့မှစ ကမ္ဘာတည်
မွေးပုံ့ဂုဏ်ရည်၊
တစ်ဆယ့်သုံးရက် ဖေဖော်ဝါရီ
ဖွားမြင်သည် တိုင်းပြည်အထွတ်၊
လွတ်လပ်ရေးဖခင် ဗိုလ်အောင်ဆန်းကို
ရည်မှန်းဦးညွှတ်။ ။

အောင်မြင့်စိုး(ရေစကြို)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် အိန္ဒိယနိုင်ငံ ပြည်ထောင်စုနယ်မြေ ဒေလီ၏ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲသို့သွားရောက်လေ့လာခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ) သတင်းစဉ်



## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် ကျောင်းကုန်းဈေးမိသားစု စတုဒိသာ ထမနဲ ၅၅ ဒယ်လှူဒါန်းမည်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဈေးမိသားစုမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက် မွေးနေ့တွင် စတုဒိသာထမနဲ ၅၅ ဒယ် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲ၌ ၂၂ ဒယ်၊ စတုဒိသာ ၅၅ ဒယ် လှူဒါန်းမည်ဖြစ်ကြောင်း အလှူရှင်တစ်ဦးက ပြောသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## သံအမတ်ကြီး ဒေါ်မွေးမွေးခိုင် အီတလီသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မွေးမွေးခိုင်သည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရောမမြို့၌ အီတလီသမ္မတနိုင်ငံ သမ္မတမစ္စတာ ဆာဂျီရိုမတ်တာရီလာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ သတင်းစဉ်

## နေပြည်တော် သပြေကုန်းအဝိုင်းအနီးရှိ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်ပြခန်းတွင် လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သည့် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် သပြေကုန်းအဝိုင်း၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲကို ကျင်းပမည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာနက ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်ပြခန်းကို ယနေ့မှ စတင်ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါပြခန်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝ၊ ရဲဘော်သုံးကျိပ်နှင့် တပ်မတော်သားဘဝ၊ နိုင်ငံရေးသမားဘဝ၊ မိသားစုဘဝနှင့် နိုင်ငံခြားခရီးစဉ်မှတ်တမ်းဓာတ်ပုံများအပြင် ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ၊ မိန့်ခွန်း ကောက်နုတ်ချက်များ၊ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းရေးသားဖွဲ့ဆိုထားသည့် ကဗျာအပါအဝင် စာအုပ်၊ စာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူခင်းကျင်းပြသလျက်ရှိရာ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။ (အောက်ပုံ)

ပြခန်းသို့ လာရောက်ကြည့်ရှုသူ ပျဉ်းမနားမြို့နေ ဦးလှမြင့်က "ဗိုလ်ချုပ် ကြေးရုပ်ကြီးကို စတင်တည်ဆောက်ကတည်းက စိတ်ဝင်စားခဲ့ရတယ်။ အခုလို ပြီးသွားတော့ အင်မတန်မှ ထည်ထည်ဝါဝါရှိပြီး ကျက်သရေရှိတယ်။ အခု ပြခန်းမှာလည်း ဗိုလ်ချုပ်ရဲ့ နိုင်ငံရေးသမားဘဝ ဆောင်ရွက်ခဲ့တဲ့ မှတ်တမ်းတွေ၊ တက္ကသိုလ်ကျောင်းသား ဘဝရဲ့ မှတ်တမ်းတွေကို တွေ့ရတဲ့အတွက် အတွေ့အကြုံလည်းရတယ်၊ ဗဟုသုတလည်း ရတယ်။ အရင်တုန်းက ဗိုလ်ချုပ်ရဲ့အကြောင်းတွေကို အပြင်မှာပဲ ကြားရတယ်၊ အခုကျတော့ လက်တွေ့သိရတယ်။ ဗိုလ်ချုပ်ရဲ့ မိန့်ခွန်းစာအုပ်တွေကိုလည်း ဝယ်ပါတယ်။ အင်မတန်မှ ဂုဏ်ယူတယ်၊ ဝမ်းသာတယ်။ ကျွန်တော့်ရဲ့မြေးတွေ၊ သားသမီးတွေကိုလည်း လာပြဦးမှာပါ" ဟု ပြောသည်။



အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ပြခန်းကို ဖေဖော်ဝါရီ ၁၄ ရက်နေ့ ညပိုင်းအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေပင်လယ်(သုတေသန)





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

❈ *ရှေ့ဖုံးမှ*

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်သည်။

**တေးသံသာများဖြင့်ဖျော်ဖြေ**

ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယသမ္မတဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမလေဟာပြင်ဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအကဖွဲ့များ၏ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမား အား ယမန်နေ့က နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကဏ္ဍများတွင် အိန္ဒိယသမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာများ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

## ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းတို့က နေရာယူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကို အလေးပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ရေးပြတပ်ခွဲ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီး တရားလွှတ်တော်ချုပ် တရားသူကြီး၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရိုင်၊ မြို့နယ်များမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**မင်းသစ်(MNA)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ နိုင်ငံတော်အလံအား အလေးပြုစဉ်။ သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အရှေ့အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တိုင်းရင်း သားလူမျိုးရေးရာဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ခေါင်းဆောင်များ၏ သားသမီးများနှင့် ဆွေမျိုးတော်စပ်သူများ၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် တိုင်းရင်းသားများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**နိုင်ငံတော်သီချင်းသီဆို**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခမ်းအနားသို့ တက်ရောက်ကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းသီဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဖတ်ကြားသည်။

**မိန့်ခွန်း**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် မိန့်ခွန်းကို စာမျက်နှာ ၆ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ချင်းကော်မတီကိုယ်စားလှယ် ဦးထောင်ဇာအုပ်၊ ချင်းကော်မတီကိုယ်စားလှယ် ဦးကီယိုမန်း၊ လူထုကိုယ်စားလှယ်-ပင်းတယ ဦးခွန်စော၊ ကချင်ကော်မတီကိုယ်စားလှယ် ဒူဝါးဇော်လွန်း၊ လူထုကိုယ်စားလှယ်-လင်းခေးဦးထွန်းမြင့်၊ ရှမ်းပြည်နယ် လူထုကိုယ်စားလှယ် ဦးကြာပု၊ ဆီဆိုင်စော်ဘွားကိုယ်စားလှယ် ဦးဖြူ၊ ကချင်ကော်မတီကိုယ်စားလှယ် (မြစ်ကြီးနား) ဒူဝါဇော်ရစ်၊ တောင်ပိုင်းစော်ဘွားစဝ်ခွန်ပန်းစိန်၊ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၊ ကချင်ကော်မတီကိုယ်စားလှယ် ဆမားဒူဝါဆင်ဝါးနောင်၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်ကွင်း၌ ကျင်းပသည့် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော ပုဂ္ဂိုလ်များ၏ မိသားစုဝင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေး သံလွင်ပင် စိုက်ပျိုးပေးစဉ်။ သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော ပုဂ္ဂိုလ်များ၏ မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

လူထုကိုယ်စားလှယ် – ပင်လုံဦးခွန်ထီး၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း(ခ) စဝ်သာထွန်း၊ လဲချားစော်ဘွား စဝ်နွံ၊ တောင်ကြီးမှ ဦးတင်ဧ၊ သာမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေး၊ မြောက်ပိုင်း သန္နီစော်ဘွား စဝ်ဟုံဖ၊ ချင်းကော်မတီ ကိုယ်စားလှယ် ဦးလှျူမှုန်၊ ကချင်ကော်မတီကိုယ်စားလှယ် ဦးလဘန်ဂရောင်၊ လူထုကိုယ်စားလှယ် ဦးဒူးဝါးအမ်ခွန် ဖုန်းနှင့် သီပေါစော်ဘွား ဦးစဝ်ယိပ်ဖတို့၏ ဓာတ်ပုံနှင့် အထိမ်းအမှတ်နေရာများကို လှည့်လည်ကြည့်ရှုပြီး ၎င်းတို့၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်များ၏ မိသားစုဝင်များနှင့် လည်းကောင်း၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်နှင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင် ကွင်းသတ်မှတ်နေရာ၌ ပြည်ထောင်စုငြိမ်းချမ်းရေးသံလွင်ပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူလေးများက **"ပင်လုံမြေကသစ္စာ"** သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် **"ပင်လုံမြေကသစ္စာ"**သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နောင်ကွတ်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ပညာဗလအား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည့် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၂၁)ရာစု စတုတ္ထအကြိမ် ပင်လုံညီလာခံကို ကြိုဆိုသောအားဖြင့် မီးပုံးပျံလွှတ်တင်ပေးစဉ်။ သတင်းစဉ်

# နိုင်ငံအတွက် အသက်တမျှအရေးတကြီးလိုအပ်နေတဲ့ ရေရှည်တည်တံ့မယ့်ငြိမ်းချမ်းရေးကို စုပေါင်းအားနဲ့ရယူ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း**

(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

ဒီနေ့ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သလိုက်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့တွေပါ ပြည်ထောင်စုအခမ်းအနားကို တက်ရောက်လာကြတဲ့အတွက်လည်း ဝမ်းသာရကြောင်း ပြောကြားလိုပါတယ်။

ပြည်ထောင်စုနေ့ဟာ ပြည်ထောင်စုသားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးရဲ့ စည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ထုတ်ဖော်ပြသခဲ့တဲ့နေ့အဖြစ် ကျွန်မတို့ တန်ဖိုးထားရပါတယ်။ ပင်လုံညီလာခံဘယ်လို ဖြစ်ပေါ်လာရတယ်၊ အခက်အခဲအတားအဆီးတွေ ဘယ်လိုကြုံတွေ့ခဲ့ရတယ်ဆိုတာလဲ အကျဉ်းလောက်ပြောပြချင်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။

### မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါတဲ့ အောင်ဆန်း - အက်တလီစာချုပ်

မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်ကို ကျရောက်ခဲ့ချိန်မှာ တောင်တန်းဒေသတွေကို မြေပြန့်ဒေသတွေနဲ့ ခွဲခြားပြီး အုပ်ချုပ်ခဲ့သလို မြန်မာနိုင်ငံကို မဖြစ်မနေလွတ်လပ်ရေးပေးရတော့မယ့် အချိန်မှာလည်း တောင်တန်းဒေသတွေကို ချန်လှပ်ထားဖို့ ကြိုးစားမှုတွေရှိခဲ့ပါတယ်။ ဒါကြောင့် အဲဒီအချိန်အခါက ယာယီအစိုးရကို ဦးဆောင်တဲ့ ဖဆပလအဖွဲ့ဟာ တောင်တန်း၊ ပြည်မအတူတကွ လွတ်လပ်ရေးရယူနိုင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလမှာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အင်္ဂလန်ကို သွားရောက်ပြီး တောင်တန်းဒေသများအပါအဝင် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရကိုယ်စားလှယ်တို့နဲ့ ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီလိုလွတ်လပ်ရေးအတွက် ဆွေးနွေးနေစဉ်အတွင်း ရှမ်းပြည်နယ် စော်ဘွားကောင်စီအဖွဲ့ဝင်အချို့က ဗိုလ်ချုပ်အောင်ဆန်းဟာ ရှမ်းပြည်နယ်ရဲ့ ကိုယ်စားလှယ် မဟုတ်ကြောင်း ကြေးနန်းစာ တစ်စောင်ကို ဗြိတိသျှအစိုးရထံကို ပေးပို့ခဲ့ပါတယ်။ ဒီကြေးနန်းစာကြောင့် ဆွေးနွေးပွဲကို ခေတ္တရပ်ဆိုင်းလိုက်ရတဲ့အချိန်မှာ ရှမ်းပြည်နယ်လွတ်လပ်ရေးအဖွဲ့က လူငယ်တွေက တောင်ကြီးမြို့မှာ ရှမ်းပြည်နယ် လူထုအစည်းအဝေးကြီး ခေါ်ယူကျင်းပပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ရှမ်းပြည်နယ်လူထုရဲ့ ကိုယ်စားလှယ် အစစ်အမှန်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချပြီး လန်ဒန်မှာရှိ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗြိတိသျှဝန်ကြီးချုပ်တို့ထံကို ကြေးနန်းရိုက် အကြောင်းကြားခဲ့ပါတယ်။ ဒါကြောင့် ဆွေးနွေးပွဲတွေ ပြန်လည်စတင်နိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါတဲ့ အောင်ဆန်း - အက်တလီစာချုပ်ကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။

အောင်ဆန်း-အက်တလီစာချုပ်မှာ တောင်တန်းဒေသများက မြန်မာပြည်မနဲ့ ပူးပေါင်းလိုခြင်း ရှိ/မရှိ တောင်တန်းဒေသများရဲ့ သဘောထားရယူရမယ်လို့ ဖော်ပြထားချက်အရ ကွန်ဖရင့်တစ်ရပ် ကျင်းပဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်တွေဟာ ရှမ်းပြည်နယ်၊ ပင်လုံမြို့လေးမှာ တိုင်ပင်ဆွေးနွေးပြီးတော့ ဗမာပြည်မ (Burma Proper) ၊ ဖက်ဒရယ် ရှမ်းပြည်နယ် (The Federated Shan States)၊ ကချင်တောင်တန်းဒေသ (The Kachin Hill Tracts) နဲ့ ချင်းတောင်တန်းဒေသ (The Chin Hill District) တို့ အပါအဝင် မြန်မာတစ်နိုင်ငံလုံးတစ်ပြိုင်တည်း လွတ်လပ်ရေးအရယူဖို့ အတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်မှာ ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒါဒီနေ့ ပြည်ထောင်စုနေ့ဖြစ်ပါတယ်။

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့တာယခု (၇၃) နှစ် ပြည့်သွားပါပြီ။ “ပင်လုံ”ဆိုတာ ပြည်ထောင်စုကိုကိုယ်စားပြုတဲ့ အဓိကဝေါဟာရဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ပင်လုံစာချုပ် ဖြစ်ပေါ်နိုင်ခြင်းနဲ့ ပတ်သက်တဲ့ အရေးကြီးဆုံးအချက်ကတော့ ပြည်သူလူထုပါဝင်ခဲ့ခြင်းဖြစ်တယ်လို့ ကျွန်မယူဆပါတယ်။ ဒါဟာနိုင်ငံ့အတွက် အရေးပါတဲ့ကိစ္စရပ်တွေ အောင်မြင်စွာပြီးမြောက်ဖို့အတွက် ပြည်သူလူထုမပါမဖြစ်ဆိုတဲ့ ဒီမိုကရေစီတန်ဖိုးကို အသိအမှတ်ပြုလိုက်တာပဲ ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ပြောရမယ်ဆိုရင် စာချုပ်ထဲမှာပါတဲ့ ဝါကျကလေးတစ်ခုပါပဲ ။

အဲဒီဝါကျလေးကတော့ **“ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ချင်းပူးပေါင်းခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမို၍ လျင်မြန်စွာရရှိလိမ့်မည်”**လို့ ဖြစ်ပါတယ်။

တိုင်းရင်းသားတွေ ပူးပေါင်းဆောင်ရွက်မှ တကယ်အရေးပါတဲ့ နိုင်ငံကိစ္စတွေကို မြန်ဆန်ကောင်းမွန်စွာ၊ အကောင်အထည်ဖော်နိုင်မယ်ဆိုတာကို ညွှန်းနေပါတယ်။ အထက်ဖော်ပြပါ အချက် (၂) ချက်ကို ပေါင်းကြည့်လိုက်မယ်ဆိုရင် ဒီမိုကရေစီပြည်ထောင်စုကြီးအောင်မြင်စွာ ထွန်းပေါက်လာဖို့ရာ ပြည်သူပါဝင်မှုနဲ့ တိုင်းရင်းသားများရဲ့ ပူးပေါင်းဆောင်ရွက်မှု လိုတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းပြနေပါတယ်။ ဒါဟာ ပင်လုံစိတ်ဓာတ်ပါ။ ခေတ်မဟောင်းသွားနိုင်တဲ့ အစဉ်အမြဲ ထိရောက်တန်ဖိုးထားရမယ့် စိတ်ဓာတ်ဖြစ်ပါတယ်။

ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့တာအကြိမ် (၇၀)ကျော် သွားပါပြီ။ ဒါပေမယ့် အယူဝါဒကွဲပြားမှုတွေ၊ သံသယတွေကြောင့် လွတ်လပ်ရေးရပြီးတာနဲ့ တိုင်းရင်းသားအချင်းချင်း စစ်ခင်းနေကြရတာလည်း နှစ်ပေါင်း ၇၀ ကျော်ပြီး အခုအချိန်ထိ သေနတ်သံတွေ မတိတ်ဆိတ်သေးပါဘူး။

### ပင်လုံစိတ်ဓာတ်နဲ့လည်း ကြည့်စေချင်

သမိုင်းကို ပြန်ကြည့်တဲ့အခါ တစ်ဦးကိုတစ်ဦး အပြစ်တင်တဲ့၊ အပြစ်ရှာတဲ့အမြင်နဲ့ မကြည့်စေချင်ပါဘူး။ တစ်ယောက်ကိုတစ်ယောက် အပြစ်တင်နေလို့ အဖြေမှန်မရနိုင်ပါဘူး။ သူတို့ဘက်က ဘာမှားလဲ ဆိုတာထက်၊ ကိုယ့်ဘက်ရောဘာမှားလဲဆိုတဲ့ ငါတို့အားလုံး ဘာတွေမှားခဲ့ကြသလဲ၊ ဘာတွေပြင်ဆင်ဖို့ လိုအပ်သလဲဆိုတဲ့ ဝေဖန်ဆန်းစစ်တဲ့ အမြင်နဲ့ ကြည့်စေချင်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ အမြင်သစ်တွေနဲ့အတူ မဟောင်းနွမ်းနိုင်တဲ့ ပင်လုံစိတ်ဓာတ်နဲ့လည်း ကြည့်စေချင်ပါတယ်။ ကျွန်မတို့အနေနဲ့ နှစ်ပေါင်း (၇၀)ကျော် လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်နိုင်ဖို့ အတိတ်သမိုင်းက ဘာတွေသင်ခန်းစာရနိုင်မလဲဆိုတာကိုပဲ ကြည့်စေချင်ပါတယ်။ ကိုယ့်နိုင်ငံသမိုင်းနဲ့ ဆက်စပ်နေတဲ့ ကမ္ဘာကြီးရဲ့ အခြေအနေတွေကလည်း အရေးကြီးတဲ့အတွက်၊ အတိတ်သမိုင်းကို လေ့လာသုံးသပ်တဲ့အခါမှာ အဲဒီတုန်းက ဆက်စပ်အခြေအနေနဲ့ အခုဆက်စပ်အခြေအနေတွေ မတူညီတာကိုလည်း ထည့်သွင်းစဉ်းစားကြဖို့ လိုပါတယ်။ အနာဂတ်မှာ ကျွန်မတို့ နိုင်ငံကို ဘယ်လိုပုံစံမျိုးနဲ့ လက်ဆင့်ကမ်းအမွေပေးခဲ့မှာလဲဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။

နှစ်(၇၀)ကျော် လက်နက်ကိုင်ပဋိပက္ခကြောင့် ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ဘယ်လိုဖြစ်နေသလဲဆိုတာ အားလုံးသိကြတဲ့အတိုင်းပါပဲ။ မြန်မာနိုင်ငံကို ကမ္ဘာနဲ့ချီပြီး နိုင်ငံတကာနဲ့ အတူတကွ ရင်ပေါင်တန်း လျှောက်လှမ်းနိုင်ဖို့ တည်ဆောက်ကြရမှာဖြစ်ပါတယ်။ အဲဒီလို လျှောက်လှမ်းနိုင်တဲ့ အချုပ်အခြာအာဏာပိုင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ရပ် ဖြစ်လာအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက် အစိုးရတွေဟာ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းဖို့နဲ့ ငြိမ်းချမ်းရေးရဖို့အတွက် ကြိုးစားခဲ့ကြပေမယ့် ငြိမ်းချမ်းရေးရည်မှန်းချက်တွေ ပြီးပြည့်စုံအောင် မဆောင်ရွက်နိုင်ခဲ့ကြပါဘူး။ အပစ်အခတ်ရပ်စဲရေးလောက်ပဲ အမြင့်ဆုံးရရှိခဲ့ကြပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ခဲ့ကြပါဘူး။ ဒီလိုမတည်ဆောက်နိုင်တာဟာ လက်နက်ကိုင်ပဋိပက္ခရဲ့ အကြောင်းရင်းခံဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေကို မဖြေရှင်းနိုင်ခဲ့လို့ ဖြစ်တယ်လို့ ကျွန်မတို့ အစိုးရကမြင်ပါတယ်။ ဒီကိစ္စကိုလည်း သမ္မတကြီးရဲ့ သဝဏ်လွှာထဲမှာ အကျယ်တဝင့် ပြောသွားပါတယ်။

ဒါကြောင့် ယခုအချိန်မှာ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ တိုင်းရင်းသားအပေါင်း ကျေနပ်လက်ခံနိုင်မယ့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှုဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးတွေ ကျင်းပပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစုပင်လုံလို့ နာမည်ပေးထားခြင်းဟာ ၂၀ ရာစုပင်လုံရဲ့ စုစည်းညီညွတ်တဲ့ စိတ်ဓာတ်နဲ့ အဲ့ဒီအချိန်က တကယ်လိုအပ်နေတဲ့ လွတ်လပ်ရေးကို ရအောင်ယူနိုင်ခဲ့ပါတယ်။ ဒါကို ကျွန်မတို့တွေ ပြန်ပြောင်းအမှတ်ရပြီး စည်းလုံးညီညွတ်ကြဖို့ပဲ ဖြစ်ပါတယ်။ ၂၀ ရာစုပင်လုံရဲ့ စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို ယူဆောင်ပြီးတော့ ၂၁ ရာစုပင်လုံကို လက်ရှိကာလရဲ့ ဆက်စပ်အခြေအနေတွေနဲ့ ကိုက်ညီအောင် ဆွေးနွေးညှိနှိုင်းကြပြီး ကျွန်မတို့ နိုင်ငံအတွက် အသက်တမျှ အရေးတကြီးလိုအပ်နေတဲ့ ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးကို စုပေါင်းအားနဲ့ ရယူကြဖို့ပဲဖြစ်ပါတယ်။

### ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

ကျွန်မတို့ ဘိုးဘွားတွေ ထူထောင်ခဲ့တဲ့နိုင်ငံ၊ ကျွန်မတို့ဘိုးဘွားတွေရဲ့ စုစည်းညီညွတ်မှုအားနဲ့ ဥမကွဲသိုက်မပျက် လွတ်လပ်ရေးအရယူနိုင်ခဲ့တဲ့ ပြည်ထောင်စုကြီးအရှည်သဖြင့် တည်တံ့ခိုင်မြဲစေဖို့ဆိုရင် အားလုံးသဘောတူလက်ခံနိုင်တဲ့၊ ၂၁ ရာစု ဆက်စပ်အခြေအနေတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်နိုင်ဖို့ အရေးကြီးလှပါတယ်။ ကျွန်မတို့တွေအားလုံးမှာ မတူညီတဲ့အမြင်တွေ၊ ယုံကြည်ချက်တွေ ရှိနေကြပေမယ့်လည်း အားလုံးရဲ့ရည်မှန်းချက် ပန်းတိုင်ဟာ အမျိုးသားတန်းတူရေးနဲ့ အမျိုးသားညီညွတ်ရေးကို အခြေခံတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးပဲဆိုတာ သံသယရှိစရာမလိုပါဘူး။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုပုံဖော်ကြမလဲဆိုတဲ့ နည်းနာပိုင်းဆိုင်ရာမှာ အမြင်မတူညီတာတွေရှိနေဆဲ ဖြစ်ပေမယ့်လည်း တူညီတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့အတွက် ကျွန်မတို့တစ်တွေ အမြော်အမြင်ကြီးကြီး၊ ညီညီညွတ်ညွတ် ကြိုးစားသွားကြမယ်ဆိုရင် မအောင်မြင်နိုင်စရာအကြောင်း မရှိဘူးလို့ ယုံကြည်ပါတယ်။

၂၀ ရာစု ပင်လုံအစည်းအဝေးမှာ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ အမြော်အမြင်ကြီးမားစွာနဲ့ ဆွေးနွေးညှိနှိုင်းခဲ့ကြသလို ၂၁ ရာစုပင်လုံမှာလည်း ကျွန်မတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေဟာ အမြော်အမြင်ရှိရှိ၊ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြမယ်ဆိုရင် ကျွန်မတို့အားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအောင်မြင်စွာ တည်ဆောက်နိုင်မှာ မလွဲကေန် ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

နိဂုံးမချုပ်ခင်မှာ အခုရောက်နေတဲ့ ပရိသတ်ရှေ့မှာ ကျွန်မတို့ ပင်လုံဖခင်ကြီးတွေ၊ ခေါင်းဆောင်ကြီးတွေရဲ့ ပုံတွေကို တွေ့ရမှာဖြစ်ပါတယ်။ ဒီခေါင်းဆောင်ကြီးတွေဟာ ပူးပေါင်းပြီးတော့ ပြည်ထောင်စုထူထောင်ဖို့ သဘောတူထားလိုက်တဲ့အခါမှာ အမြော်အမြင်ဆိုတာပါတယ်။ ပညာပါတယ်။ သဘောထားကြီးမှုပါတယ်။ နောက်ပြီးတော့ စွန့်စားရဲတဲ့ စိတ်ဓာတ်ပါပါတယ်။ ဒါတွေအားလုံး ကျွန်မတို့ လိုအပ်ပါတယ်။ စွန့်စားရဲတဲ့ စိတ်ဓာတ်နဲ့ သဘောထားကြီးမှုဆိုတာလည်း ဆက်စပ်နေပါတယ်။ ကိုယ်ဟာ သဘောထားကြီးလို့ရှိရင်၊ အမြင်ကျယ်လို့ရှိရင် မလုပ်ဖူးတဲ့ကိစ္စတွေကို လုပ်ရဲတဲ့သတ္တိရှိပါတယ်။ အမြင်ကျဉ်းတဲ့သူတွေက သမိုင်းနဲ့ အတိတ်ရဲ့ အကျဉ်းသားတွေအဖြစ် ဆက်ပြီးနေသွားကြပါတယ်။ အရင်တုန်းက အတိုင်းပဲလိုအပ်ချက်တွေ၊ အရင်တုန်းကအတိုင်းပဲ တောင်းဆိုချက်တွေ ဒီလိုပုံစံအတိုင်း သွားနေကြပါတယ်။

ကျွန်မတို့ရဲ့ ပြည်ထောင်စုဖခင်ကြီးတွေဟာ သစ်ဆန်းတဲ့ အမြင်တွေနဲ့၊ သတ္တိရှိရှိနဲ့ ငါတို့ခေတ်မှာ ငါတို့လိုချင်တဲ့ နိုင်ငံမျိုးကို ငါတို့ထူထောင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အောင်မြင်မှုကို ရအောင်လုပ်တာပါ။ ကျွန်မတို့လည်း ဒီတိုင်းပဲရအောင်လုပ်ဖို့ လိုပါတယ်။ ကျွန်မတို့ ခေတ်မှာ ကျွန်မတို့ရဲ့ အမြင်တွေနဲ့ ကျွန်မတို့ရဲ့ ဒီကမ္ဘာကြီးနဲ့ ဒီနိုင်ငံရဲ့ လိုအပ်ချက်တွေအရ လုပ်သင့်လုပ်ထိုက်တဲ့ဟာတွေကို ဘယ်သူမှမလုပ်ဖူးသော်လည်း အခုကျွန်မတို့ လုပ်မယ်ဆိုတဲ့ သတ္တိနဲ့ ပညာအမြော်အမြင်နဲ့ အားလုံးဝိုင်းပြီးကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

> **“အားလုံးမှာ မတူညီတဲ့အမြင်တွေ၊ ယုံကြည်ချက်တွေ ရှိနေကြပေမယ့်လည်း အားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ အမျိုးသားတန်းတူရေးနဲ့ အမျိုးသားညီညွတ်ရေးကို အခြေခံတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပဲဆိုတာ သံသယရှိစရာမလိုပါဘူး။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုပုံဖော်ကြမလဲဆိုတဲ့ နည်းနာပိုင်းဆိုင်ရာမှာ အမြင်မတူညီတာတွေ ရှိနေဆဲဖြစ်ပေမယ့်လည်း တူညီတဲ့ရည်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့ အတွက် ကျွန်မတို့တစ်တွေ အမြော်အမြင်ကြီးကြီး၊ ညီညီညွတ်ညွတ်ကြိုးစားသွားကြမယ် ဆိုရင် မအောင်မြင်နိုင်စရာအကြောင်း မရှိဘူးလို့ ယုံကြည်”**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲအခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

ညစာစားပွဲကိုအခမ်းအနားတွင် ရှေးဦးစွာ (၂၁) ရာစု စတုတ္ထအကြိမ် ပင်လုံညီလာခံကို ကြိုဆိုသောအားဖြင့် စိန်နားပန် မီးပုံးပျံကြီးတစ်လုံး၊ ငြိမ်းချမ်းရေးချိုးငှက် မီးပုံးပျံ နှစ်လုံးနှင့် မီးပုံးပျံငယ် အလုံး ၃၀၀ တို့ကို ကောင်းကင်ယံထက်သို့ လှပစွာ လွှတ်တင်ပေးကြသည်။

### ဖျော်ဖြေတင်ဆက်

ထို့နောက် ကယားတိုင်းရင်းသားလူငယ်လေးများက မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိရန်ရည်ရွယ်ပြီး ၎င်းတို့ ဖန်တီးထားသော **"မငြိမ်းချမ်းလို့ မဖြစ်ဘူး"** တေးသီချင်းဖြင့် လည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့က **"ငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့"** သီချင်းဖြင့် လည်းကောင်း၊ ရှမ်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့က **"ပင်လုံစိတ်ထား"**နှင့် **"၂၁ရာစု ပင်လုံ"**သီချင်းတို့ဖြင့်လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် ဇော်ဝင်းထွဋ်က **"စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်"** တေးသီချင်းဖြင့် လည်းကောင်း သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် " ဂ "၊ "ပလောင်"၊ "ကိုးကန့်"၊ "ပအိုဝ်း"၊ "လီဆူး"၊ "ခနဲ့"နှင့် "အင်း"တိုင်းရင်းသားယဉ်ကျေးမှုအက အဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### မှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့် လည်းကောင်း၊ ကပြဖျော်ဖြေတင်ဆက်ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် အဝေးရာမီးပုံးပျံကွင်း၌ ကျင်းပသည့် ပြည်ထောင်စုဂီတည ဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

၁၉၄၆ ခုနှစ် မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ပင်လုံမြို့တွင် ပြုလုပ်ခဲ့သည့် ပထမပင်လုံအစည်းအဝေးတွင် တိုင်းရင်းသားအားလုံး အတူတကွ လွတ်လပ်ရေးအရယူကြရန် လမ်းစပွင့်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၁၃ ရက်အထိ ပင်လုံမြို့တွင် သမိုင်းဝင် ဒုတိယပင်လုံညီလာခံကြီးကို ကျင်းပနိုင်ခဲ့ပြီး ယင်းညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ဘုရင်ခံအမှုဆောင်ဝန်ကြီးများ၊ နယ်ခြားဒေသအုပ်ချုပ်ရေးအဖွဲ့မှ အရာရှိများ၊ မြန်မာပြည် နိုင်ငံရေးအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ သတင်းစာဆရာများ၊ နိုင်ငံခြားသံကိုယ်စားလှယ်ကောင်စစ်ဝန်များ၊ ထင်ရှားကျော်ကြားသူ တစ်သီးပုဂ္ဂလများ၊ ရှမ်းစော်ဘွားကိုယ်စားလှယ်များနှင့် လူထုကိုယ်စားလှယ်များ၊ ကချင်တိုင်းရင်းသားနှင့် ချင်းတိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ထိုပင်လုံညီလာခံတွင် တောင်တန်းပြည်မ ပူးပေါင်းပြီး လွတ်လပ်ရေးရယူမည်ဖြစ်ကြောင်း သက်သေပြသည့် ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးက အောင်မြင်စွာလက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ကြသည်။

ယင်း ပင်လုံသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် တောင်တန်းပြည်မ ပူးပေါင်းကာ နိုင်ငံလွတ်လပ်ရေးရယူနိုင်ရန် လမ်းပွင့်သွားခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံအဖြစ် ပြန်လည်ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ (၂၁)ရာစုပင်လုံညီလာခံဖြင့် ပြည်ထောင်စုကို အတူတကွ တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ယခု အစိုးရသစ်လက်ထက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို သုံးကြိမ်တိုင်တိုင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူ ပြည်ထောင်စုသဘောတူညီချက် ၅၁ ချက် ရရှိခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

---

*✻ ကျောဖုံးမှ*

ဘေးကင်း လုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက် ၅ ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို လွှင့်တင်သည်။





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ်။ သတင်းစဉ်

### ချီတက်နေရာယူ

ယင်းနောက် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

### အလေးပြုခြင်းခံယူ

ယင်းနောက် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

### သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### တက်ရောက်

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ကိုယ့်တာဝန်တွေ ကိုယ်ထမ်းဆောင်သွားမယ်၊ စည်းမျဉ်း စည်းကမ်းဘောင်အတွင်းက အပေးအယူမျှတအောင် လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ခု ထူထောင်ရေး ဝိုင်းဝန်းကူညီပေးစေချင်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံမြို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

တောင်ကြီး ဖေဖော်ဝါရီ ၁၂

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်ကွင်း၌ ကျင်းပသည့် လူထုတွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူထုတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်



အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် "ဒီနေ့ပင်လုံမှာ ပြည်သူလူထု တွေ့ဆုံပွဲရောက်လာတဲ့ ပရိသတ်အားလုံးကို နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မတို့ ဒီလိုပဲ တစ်နိုင်ငံလုံး သွားတဲ့နေရာတိုင်း ဖြစ်နိုင်တဲ့အခါ လူထုတွေ့ဆုံပွဲတွေ လုပ်ပါတယ်။ ဒီလို လူထုတွေ့ဆုံပွဲတွေ လုပ်တိုင်း၊ လုပ်တိုင်း တစ်နေရာနဲ့တစ်နေရာ မတူဘူး။ တွေ ဖြစ်တယ်ဆိုတဲ့စိတ်ဓာတ်၊ ပြည်ထောင်စုသားချင်းတွေ ဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်ကို မွေးမြူရမယ်လို့ ကျွန်မတို့ပြောပါတယ်။

တချို့က ပြည်ထောင်စုသွေးချင်းဆိုတဲ့ အသုံးအနှုန်းကို သုံးပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်မ ပြောဖူးပါတယ်။ တကယ်ဆို သွေးက အဓိက မဟုတ်ပါဘူး။ အတွေးအခေါ်အယူအဆကသာ အဓိကပါ။ တစ်ကမ္ဘာလုံးကို လွှမ်းပြီးကြည့်လိုက်ပါ။ ကမ္ဘာကြီးမှာဆိုရင် ပြည်ထောင်စုတွေရှိတယ်။ ပြည်ထောင်စုမဟုတ်တဲ့ နိုင်ငံတွေ ရှိတယ်။ နိုင်ငံနှစ်မျိုးစလုံးဟာ သူ့နည်းနဲ့သူ တိုးတက်ကြီးပွားနေတဲ့ နိုင်ငံတွေရှိတယ်။ မတိုးတက် မကြီးပွားတဲ့နိုင်ငံတွေ ရှိတယ်။ ပြီးတော့ တိုးတက်ကြီးပွားတယ်ဆိုတာ ပြည်ထောင်စုမို့လို့ တိုးတက်ကြီးပွားတာ မဟုတ်ပါဘူး။ ပြည်ထောင်စု မဟုတ်လို့ တိုးတက်ကြီးပွားတာလည်း မဟုတ်ပါဘူး။ နောက်ဆုံးကျတော့ ပြည်သူ ပြည်သားတွေအပေါ်မှာ အခြေခံပြီး စဉ်းစားစရာတွေလည်း အများကြီးတွေ့ခဲ့ရပါတယ်။ ဖေဖေ့ မိန့်ခွန်းတစ်ခုထဲမှာ ဖတ်ဖူးပါတယ်။

### တွေးခေါ်စရာတွေ အများကြီးရှိ

ဒါက ၁၉၄၇ ခုနှစ် ဖေဖေ မဆုံးခင်ပြောသွားတဲ့ မိန့်ခွန်းတစ်ခုထဲမှာ ရင်ထဲမှာ ပြောချင်တာတွေ အများကြီးဆိုပြီး ပြောသွားပါတယ်။ အဲဒီတုန်းက ထင်တာက ဖေဖေက အသက်လည်း ငယ်တယ်။ ကြာကြာမနေခဲ့ရတော့ ပြောချင်တဲ့ကိစ္စတွေ မပြောသွားရဘူးလို့ ဒီလို စဉ်းစားမိပါတယ်။ အခုကျတော့ ကျွန်မဘယ်လို သဘောပေါက်သလဲဆိုတော့ နိုင်ငံတစ်နိုင်ငံနဲ့ ပတ်သက်ရင် ရင်ထဲမှာပြောစရာတွေက အမြဲပဲ အများကြီး ရှိနေပါတယ်။ ကိုယ်က ကြည့်တတ်၊ မြင်တတ်ရင် နိုင်ငံတစ်နိုင်ငံနဲ့ ပတ်သက်လို့ တွေးခေါ်စရာတွေက အများကြီးရှိတယ်ဆိုတာ ကျွန်မတို့အားလုံး သဘောပေါက်မှာပါ။

ဒီနေ့မှာ ကိစ္စနှစ်ခုကို အခြေခံပြီး ပြောချင်ပါတယ်။ တစ်ခုကဘာလဲဆိုတော့ ကျွန်မတို့ ဒီနေ့ဟာ ပြည်ထောင်စုနေ့ဆိုတော့ ပြည်ထောင်စုနေ့နဲ့ ဆက်စပ်တဲ့ကိစ္စလေးတွေ ပြောချင်တယ်။ နောက်တစ်ခုကတော့ တစ်နိုင်ငံလုံးကို ခရီးတွေသွားပြီး တွေ့ဆုံပွဲတွေ လုပ်တဲ့အခါမှာ ရခဲ့ရတဲ့ အသိတွေ၊ သင်ခန်းစာတွေအကြောင်းလည်း ပြောချင်ပါတယ်။

ပြည်ထောင်စုနေ့နဲ့ ပတ်သက်လို့ ကျွန်မတို့ ထပ်တလဲလဲ ပြောရပါတယ်။ ကျွန်မတို့ နိုင်ငံဟာ ပြည်ထောင်စု၊ ရိုးရိုးပြည်ထောင်စု မဟုတ်တဲ့ နိုင်ငံတွေနဲ့ မတူပါဘူး။ စည်းလုံးညီညွတ်မှု ပိုပြီးလိုတယ်။ ပြည်ထောင်စုအင်အားကို တည်ဆောက်ဖို့ ပိုပြီးလိုတယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုဖွားတိုင်းရင်းသား နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ကြီးပွားမှုဟာ ဖြစ်လာပါတယ်။

ကျွန်မတို့ ပြည်ထောင်စုတစ်ခုကို ထူထောင်မယ်လို့ သန္နိဋ္ဌာန်ချပြီးရင် အဲဒီပုံစံကို အောင်မြင်အောင် လုပ်ရမယ်။ ဒါဟာ လူ့ကျင့်ဝတ်ပဲလို့ ကျွန်မ ပြောချင်ပါတယ်။ လူတိုင်း လူတိုင်းဟာ အလုပ်တစ်ခုကို စပြီး လုပ်မယ်ဆိုရင် အောင်မြင်အောင် လုပ်ရမယ်။ ပြီးရင် ဆုံးခန်းတိုင်အောင် လုပ်နိုင်တဲ့ ဖွဲ့နဲ့ဝီရိယ ရှိရမယ်။ အစကတည်းက ဘာလို့ စလုပ်သေးသလဲ။ စလုပ်ပြီဆိုရင် ဆုံးခန်းတိုင်အောင် လုပ်ရမယ်။ ခက်ခဲလွန်းလို့၊ ပင်ပန်းလွန်းလို့ဆိုပြီး လမ်းတစ်ဝက်မှာ ရပ်တယ်ဆိုတာ မကောင်းပါဘူး။

ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်ထောင်စုလမ်းဟာ မဆုံးသေးပါဘူး။ ၁၉၄၇ ခုနှစ်က စခဲ့တယ်။ အခု ၂၀ ရာစုအထိ ပြီးသွားပြီ။ အခု ၂၀၂၀ ရောက်နေပါပြီ။ ၂၀၂၀ မှာလည်း ကျွန်မတို့ဟာ ပြည်ထောင်စုကို ခိုင်ခိုင်ခံ့ခံ့ မထူထောင်နိုင်သေးဘူး။ ပြောတာက ပြည်ထောင်စုမြန်မာနိုင်ငံပါ။ တကယ်တော့ ကျွန်မတို့ဟာ ပြည်ထောင်စုတစ်ခုဖြစ်ပြီလားဆိုတာ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာ စဉ်းစားစရာတွေ အများကြီးပါ။ အဲဒါတွေအကြောင်း စဉ်းစားမယ်ဆိုရင် စဉ်းစားလို့လည်း မကုန်ဘူး၊ ပြောလို့လည်း မကုန်ပါဘူး။

### ပြည်ထောင်စုထူထောင်ချင်တဲ့ ရည်ရွယ်ချက်တူ

ကျွန်မက သွေးချင်းတွေပေါ့နော်။ သွေး တူတာထက် အရေးကြီးတာက တစ်စိတ်တည်း၊ တစ်ဝမ်းတည်းဖြစ်ဖို့ အရေးကြီးတယ်လို့ ပြောဖူးပါတယ်။ တစ်စိတ်တည်း၊ တစ်ဝမ်းတည်းဆိုတာ ကျွန်မ အဓိပ္ပာယ်ဖော်တာက တစ်စိတ်တည်းဆိုတာ အားလုံးနားလည်ပါတယ်။ စိတ်ချင်းတူတယ်။ စိတ်ချင်းတူတယ်ဆိုတာ အားလုံးတစ်ပုံစံတည်း စဉ်းစားရမယ်လို့ ပြောတာမဟုတ်ပါဘူး။ အဓိက ကိစ္စတွေ၊ အဓိက ရည်ရွယ်ချက်တွေမှာ ရည်ရွယ်ချက်ချင်းတူဖို့ လိုပါတယ်။ ဒါမှ ကျွန်မတို့ ညီညွတ်မှု ရနိုင်မှာပါ။ ပြည်ထောင်စုကို ထူထောင်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်က တူရမယ်။ ဘယ်လိုပုံစံနဲ့ ထူထောင်မလဲဆိုတာ အားလုံးတစ်ပုံစံတည်း ဖြစ်မှာမဟုတ်ဘူး၊ တူနိုင်မှာ မဟုတ်ပါဘူး။ အဲဒါကို ညှိယူနိုင်ရမယ်။

### ဖွံ့ဖြိုးတိုးတက်ရင် အားလုံးတူတူ ဖွံ့ဖြိုးရမယ်

နောက် တစ်ဝမ်းတည်း၊ ဘာဖြစ်လို့ တစ်စိတ်တည်း တစ်ဝမ်းတည်း ပြောလဲဆိုရင် ဝမ်းစာရေးနဲ့ ပတ်သက်တယ်လို့ ကျွန်မ ထင်ပါတယ်။ အဲဒါဘာလဲဆိုတော့ အေးအတူပူအမျှပါ။ ဖွံ့ဖြိုးတိုးတက်ရင် အားလုံးတူတူ ဖွံ့ဖြိုးရမယ်။ ရိုးရိုးလေးပြောရမယ်ဆိုရင် စားရင် တူတူစားနိုင်ရမယ်။ တစ်ယောက် ဝမ်းပြည့်ရင် အားလုံး ဝမ်းပြည့်မှ၊ တစ်ယောက် ဝမ်းပြည့်တယ်လို့ သတ်မှတ်နိုင်ပါတယ်။ ဝမ်းမပြည့်ဘူးဆိုရင်လည်း အားလုံး မပြည့်ကြဘူးဆိုပြီး။ ဖူလုံမှုနဲ့ ပတ်သက်ပါတယ်။

စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညီညွတ်မှု ကျွန်မတို့မှာ ရှိဖို့လိုပါတယ်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှစ်ခုစလုံး ညီညွတ်မှုရှိမှ ကျွန်မတို့ဟာ ပြည်ထောင်စု ဖြစ်မှာပါ။ ကမ္ဘာပေါ်မှာ အကြီးအကျယ်ဆုံး၊ လူသိအများဆုံးနဲ့ အချမ်းသာဆုံး ပြည်ထောင်စုဆိုတာက အမေရိကန်ပြည်ထောင်စုပါ။ အမေရိကန်ပြည်ထောင်စုက ဘာလူမျိုးလဲ၊ အမေရိကန်လူမျိုးဆိုတာ ၁၅ ရာစု မတိုင်မီက အခြေချနေထိုင်ခဲ့တဲ့ အမေရိကန်အင်ဒီးယန်းတွေကို ပြောတာမဟုတ်ပါဘူး။ အခုဆိုရင် အမေရိကန်နိုင်ငံသားတွေဆိုတာ ကျွန်မတို့ မြန်မာနိုင်ငံက သွားတဲ့ သူတွေလည်းပါတယ်။

ပင်လုံမြို့က သွားတဲ့သူတွေလည်း ပါကောင်းပါလိမ့်မယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက လူမျိုးပေါင်းစုံ၊ ကိုးကွယ်တဲ့ ဘာသာပေါင်းစုံ၊ ဘာသာစကားပေါင်းစုံနဲ့ ထူထောင်ထားတဲ့ ပြည်ထောင်စုကြီးဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး၊ အင်အားအကြီးဆုံး တစ်ခုဖြစ်နေလဲဆိုရင် အဲဒါဟာ သယံဇာတ ပေါကြွယ်ဝမှု တစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ ဒါက ပြည်ထောင်စုအကြီးကြီးပါ။

### နိုင်ငံသူ နိုင်ငံသားတွေရဲ့ ညီညွတ်မှု၊ ဖွဲ၊ လုံ့လ၊ ဝီရိယ

ပြည်ထောင်စုအသေးတွေကို ကြည့်မယ်ဆိုရင် ဆွစ်ဇာလန်လို ပြည်ထောင်စုကို ကြည့်လိုက်ပါ။ နိုင်ငံက သေးငယ်ပါတယ်။ အင်မတန်မှအင်အားကြီးတဲ့ ဥရောပနိုင်ငံကြီးတွေကြားထဲမှာ တည်ရှိပြီး သူတို့ ပြည်ထောင်စုကိုလည်း သူတို့တိုးတက်အောင်၊ အောင်မြင်အောင်၊ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံတစ်ခုဖြစ်အောင် လုပ်နိုင်တယ်။ ပြီးတော့ ပြည်ထောင်စုတစ်ခု ချမ်းသာတယ်၊ မချမ်းသာတယ်ဆိုတာ ကြီးတာ၊ သေးတာနဲ့ မဆိုင်ပါဘူး။ သယံဇာတ ပေါကြွယ်ဝတာ၊ မကြွယ်ဝတာနဲ့ မဆိုင်ပါဘူး။ ဆွစ်ဇာလန်နိုင်ငံမှာ သယံဇာတပစ္စည်း ပေါကြွယ်ဝမှု မရှိပါဘူး။ ကျွန်မပြောသလိုပဲ နိုင်ငံသူနိုင်ငံသားတွေရဲ့ စိတ်ဓာတ်၊ နိုင်ငံသူနိုင်ငံသားတွေရဲ့ ညီညွတ်မှု၊ ဖွဲ၊ လုံ့လ၊ ဝီရိယတွေအပေါ်မှာ မူတည်ပြီး နိုင်ငံတစ်နိုင်ငံဟာ တိုးတက်တာပါ။

ကျွန်မတို့ ပြည်ထောင်စုကို တကယ်ပဲ ဖွံ့ဖြိုးတိုးတက်စေချင်သလားဆိုတာ အဲဒီဟာတွေကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုဆုံးဖြတ်ပြီးရင် ဖွံ့ဖြိုးစေချင်တယ်၊ တိုးတက်စေချင်တယ်ဆိုရင် အဲဒီဟာကို ဦးတည်ပြီး စဉ်းစားရမှာ ဖြစ်ပါတယ်။ ငါတို့ လူမျိုးအတွက်၊ ငါတို့ လူမျိုးစုအတွက်ဆိုပြီး စဉ်းစားလို့မရပါဘူး။ အဲဒီအတိုင်းလည်း မပြီးပါဘူး။ ပြည်ထောင်စုအတွင်းမှာ ငါတို့လူမျိုးကို ဘယ်လိုပိုပြီးကောင်းနိုင်မလဲ။ ဘယ်လိုပိုပြီး အင်အားရှိနိုင်မလဲဆိုတဲ့ပုံစံနဲ့ စဉ်းစားစေချင်ပါတယ်။

ဥပမာ မိသားစုတစ်ခုတည်းမှာ မိသားစုတစ်ခုလုံးကို စိတ်ချမ်းသာမယ်ဆိုရင် တစ်ယောက်ချင်း၊တစ်ယောက်ချင်း အားလုံးချမ်းသာနိုင်ပါတယ်။ မိသားစု တစ်စုတည်းမှာ တစ်ယောက်က ဝင်ငွေကောင်းပေမယ့် တခြားသူတွေကို မမျှဝေဘူး။ နေတော့ဒီအိမ်မှာနေတယ်၊ စားတော့ ဒီအိမ်မှာ စားတယ်၊ ဒီအိမ်မှာ စားပြီးအိပ်တယ်၊ ဒါပေမယ့် သူရတဲ့ ဝင်ငွေကျတော့ ကျန်တဲ့သူတွေကို မပေးဘူး၊ မမျှဘူးဆိုရင် ဒီအိမ်မှာလည်း သာယာမှာမဟုတ်ပါဘူး။ ကျန်တဲ့သူတွေကလည်း ကျေနပ်မှာမဟုတ်ပါဘူး။ သူကိုယ်တိုင်လည်း ဘယ်လောက် စိတ်ချမ်းသာနိုင်မှာလဲ။ *စာမျက်နှာ ၉ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပင်လုံမြို့ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူကလေးငယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၈ မှ*

ဒါကြောင့် ကျွန်မတို့ဟာ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း စဉ်းစားတဲ့စိတ်ဓာတ် မဟုတ်ဘဲ အများအတွက်စဉ်းစားပြီး အများတိုးတက်ရင် ကျွန်မတို့ ဆိုရိုးစကားလို "သူတစ်ပါးအကျိုးဆောင် ကိုယ့်အကျိုး အောင်" ဆိုသလို အများအကျိုးကို ဆောင်ခြင်းဖြင့် တစ်ယောက်ချင်း၊ တစ်ယောက်ချင်းရဲ့ အကျိုးကို အောင်နိုင်မယ်ဆိုတဲ့ စိတ်ဓာတ်ကို ခိုင်ခိုင်မာမာထားမှ ကျွန်မတို့ ပြည်ထောင်စုကို ဆောက်တည်နိုင်မှာပါ။

**အများအတွက်စဉ်းစားရမယ်**

တချို့က ကိုယ့်လူမျိုးအတွက် ကိုယ်လုပ်ပေးနိုင်တယ်ဆိုတာ အရမ်းဂုဏ်ယူစရာ ကောင်းတယ်လို့ ထင်ပါတယ်။ ကိုယ့်လူမျိုးအတွက် ကိုယ်လုပ်ပေးနိုင်တယ်ဆိုတာ ဂုဏ်ယူစရာကောင်းပါတယ်။ ဒါပေမယ့် ကိုယ့်လူမျိုး အတွက် တစ်ခုတည်းပဲ လုပ်တယ်ဆိုတာ ဂုဏ်ယူစရာ မဟုတ်ပါဘူး။ ကျွန်မတို့ဟာ ကိုယ့်အတွက်လည်း စဉ်းစား ရမယ်။ အများအတွက်လည်း စဉ်းစားရမယ်။ ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးရဲ့အထက်မှာ ရှိတာက ပြည်ထောင်စုပါ။ ဒီပြည်ထောင်စုစိတ်ဓာတ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမယ်။

လွှတ်တော်အတွင်းမှာဆိုရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြောင်းဖို့ ကျွန်မတို့ ကြိုးစားနေပါတယ်။ ဘာဖြစ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်မတို့ ပြောင်းချင်တာလဲ။ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ဖို့အတွက်၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဆိုတာရှိမှသာလျှင် ကျွန်မတို့ တိုင်းရင်းသားတွေအားလုံးအတွက် စိတ်လုံခြုံမှုရှိမယ်။ ကိုယ်လုံခြုံမှုရှိမယ်။ ညီညွတ်မှုနဲ့ တိုးတက်မှုရှိနိုင်မယ်။ ဒါကြောင့် ဒီလိုမျိုးဖြစ်မြောက်ဖို့အတွက် ငြိမ်းငြိမ်းချမ်းချမ်း နဲ့ တရားဥပဒေဘောင်အတွင်းက လမ်းကိုလျှောက်ဖို့ဆိုပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မူချမှတ်ခဲ့တာ နိုင်ငံကို မနာစေချင်လို့ပါ။

ပြည်သူပြည်သားတွေနာတဲ့လမ်းကို လျှောက်ဖို့ ဆိုတာ ကျွန်မတို့ မစဉ်းစားပါဘူး။ ငါတို့ လိုချင်တာရရင်ပြီး ရော ဘယ်သူနာနာဆိုတဲ့ စိတ်ဓာတ်နဲ့လုပ်လို့ကတော့ နိုင်ငံကို အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ဒီနေ့ ဆိုရင် ပင်လုံမှာ ကျွန်မတို့ စုစည်းကြတယ်။ ကျွန်မ မနက် တုန်းက ပြောသွားပါတယ်။ ပင်လုံကိုလာပြီး ပြည်ထောင်စု နေ့ အခမ်းအနား ကျင်းပတဲ့အခါမှာ ကျွန်မတို့ရဲ့ ပြည်ထောင်စုဖခင်ကြီးတွေ ဘယ်လိုစိတ်ထားနဲ့ လုပ်သွား ကြသလဲဆိုတာပြန်ပြီး ကျွန်မတို့ နှလုံးသွင်းစဉ်းစား စေချင်ပါတယ်။

**ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိဖို့လို**

အဲဒီအချိန်တုန်းက သဘောထားကြီးကြတယ်။ သဘောထားကြီးကြီးနဲ့အတူ လုပ်မယ်။ သစ္စာရှိရှိနဲ့အတူ စွန့်စားမယ်ဆိုတဲ့ စိတ်နဲ့ လုပ်တာပါ။ အဲဒီလို သဘောထား ကြီးဖို့နဲ့ သစ္စာရှိဖို့လိုပါတယ်။ သဘောထားကြီးမှ ပညာ အမြော်အမြင်လည်း ရှိနိုင်မယ်။ သစ္စာရှိတယ်ဆိုတာက လည်း လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲတာပြောတာပါ။ ဒါပေမယ့် လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲတာနဲ့ပတ်သက် ပြီး အရေးကြီးတဲ့အချက်တစ်ခုက ဘာလဲဆိုတော့ ကိုယ့် ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့ လိုပါတယ်။

တိုင်းရင်းသားတွေနဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ပြည်ထောင်စုထူထောင်ဖို့ ဆွေးနွေးတဲ့အခါမှာ ခဏခဏ ပြောတဲ့ ကိစ္စတစ်ခုရှိပါတယ်။ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေးပါ။ တခြားလူကို ယုံကြည်အောင် မတည်ဆောက်ခင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့လည်း လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့သူက တခြားသူ ကို ယုံကြည်ဖို့ ပိုပြီး လွယ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရင်၊ ကိုယ့်မှာ အင်အားရှိတယ်၊ အရည်အချင်း ရှိတယ်၊ လုပ်နိုင်တယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်မှုရှိရင် တခြားသူကိုပေးဖို့ မရွံ့ပါဘူး။ တစ်နည်းအားဖြင့် ပြောရမယ် ဆိုရင် ကိုယ့်မှာ လုံလုံလောက်လောက်ရှိတယ်ဆိုပြီး ခံစားရတဲ့သူက တခြားသူကို ပေးဖို့၊ မျှဖို့ ပိုပြီးလွယ်ပါ တယ်။ ကိုယ့်မှာ မလုံမလောက်ရှိတဲ့သူက မမျှချင်ဘူး၊ မပေးချင်ဘူး၊ ငါ့မှာတောင် မလုံမလောက်နဲ့ သူ့ကို မပေး ချင်ဘူးဆိုတဲ့ စိတ်ဓာတ်ဖြစ်ပါတယ်။

**အရည်အချင်းနဲ့တန်ဖိုး**

အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် တည်ဆောက်ပါ။ လူတိုင်းလူတိုင်းဟာ တန်ဖိုးရှိတယ် ဆိုတာကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါ။ ဒီတန်ဖိုးကို ဖြတ်ဖို့ဆိုတာ ငွေရေးကြေးရေးနဲ့လည်း ဖြတ်လို့မရပါဘူး။ တက္ကသိုလ်တွေ၊ ကျောင်းတွေကနေ ရထားတဲ့ လက်မှတ် အရည်အချင်းတွေနဲ့ တန်ဖိုးဖြတ်လို့ မရပါဘူး။ ကိုယ်ဟာ အများအကျိုးအတွက် ဘယ်လောက်သယ်ပိုးနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ တန်ဖိုးနဲ့ဖြတ်လို့ရပါတယ် ဆိုတာကို သတိပေးချင်ပါတယ်။ ဒါဟာ ပြည်ထောင်စုနဲ့ ပတ်သက်လို့ အတွေးအခေါ်တစ်ခုပါ။

နောက်တစ်ခုက ကျွန်မတို့ ဒီလိုသွားတဲ့အခါမှာ ပြည်သူနဲ့တွေ့ဆုံပွဲတွေကို စီစဉ်ပါတယ်။ ဒီလိုစီစဉ်ရတဲ့ အကြောင်းက ပြည်သူတွေနဲ့ မကင်းကွာချင်လို့ပါ။ အစိုးရ နဲ့ ပြည်သူက တတ်နိုင်သမျှ မကင်းကွာအောင် နေရပါ တယ်။ သို့သော် နိုင်ငံတစ်နိုင်ငံမှာ အစိုးရနဲ့ ပြည်သူ အမြဲတမ်းဆက်စပ်နေဖို့ဆိုတာ အထူးသဖြင့် ကျွန်မတို့လို မဖွံ့ဖြိုးသေးတဲ့ နိုင်ငံမှာဆိုရင် ပိုပြီးခက်ပါတယ်။

ရိုးရိုးလေးပြောရမယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေး အပိုင်းကို ကြည့်လိုက်ပါ။ ကျွန်မတို့ နိုင်ငံဟာ ဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတွေနဲ့ယှဉ်ရင် လမ်းပန်းဆက်သွယ်ရေးက သိပ်မကောင်းတော့ တောရွာလေးမှာနေတဲ့ ပြည်သူနဲ့ မြို့မှာရှိနေတဲ့ အစိုးရအရာရှိတွေနဲ့ တွေ့ဆုံဖို့က လမ်းပန်း ဆက်သွယ်ရေးကောင်းတဲ့ နေရာလောက်မလွယ်ပါဘူး။ ဒီလို အခြေခံလေးတွေကနေစပြီး ကျွန်မတို့ ဖွံ့ဖြိုးစနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားနေတဲ့နိုင်ငံ တစ်နိုင်ငံမှာဆိုရင် ညီညွတ်မှုတည်ဆောက်ဖို့၊ တစ်ယောက်နဲ့တစ်ယောက် နီးစပ်မှုရှိဖို့၊ အုပ်ချုပ်ရေးတာဝန်ကို ယူထားတဲ့ ပုဂ္ဂိုလ် တွေနဲ့ ပြည်သူအများစုနဲ့ ဆက်စပ်မှုရှိဖို့ဆိုတာက အင်မတန်မှ ခက်ပါတယ်။ လုပ်ယူရပါတယ်။ ကြိုးစားယူရ ပါတယ်။ ကြိုးစားမှုတစ်ခုအနေနဲ့ ဒီလိုသွားတဲ့အခါမှာ လူထုတွေ့ဆုံပွဲတွေ လုပ်ပါတယ်။

**တက်တက်ကြွကြွနဲ့ပါဝင်နေ**

ပြည်သူလူထုက တင်ပြချင်တာတွေ တင်ပြဖို့ အခွင့် အရေးပေးပါတယ်။ မေးချင်တာတွေမေးဖို့ အခွင့်အရေး ပေးပါတယ်။ တတ်နိုင်သမျှ ကျွန်မတို့ဘက်ကနေ ပြန်ဖြေ ပါတယ်။ တုံ့ပြန်ပါတယ်။ ဒါတွေကို ပြည်သူတွေက တန်ဖိုးထားပြီး တက်တက်ကြွကြွနဲ့ ပါဝင်နေတဲ့ ပြည်သူ တွေကိုလည်း အင်မတန်မှ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ တစ်ချိန်တည်းမှာ ဒါတွေကိုတောင် အလွဲသုံးစားလုပ်နေတာကို ကျွန်မတို့ တွေ့နေရပါတယ်။ ဒီလို တွေ့ဆုံပွဲတွေ လုပ်တယ်ဆိုတာ ဒေသခံတွေအတွက် လုပ်တာပါ။ ဒီဒေသက လူတွေဟာ ကျွန်မတို့ အစိုးရနဲ့ ပိုပြီးချိတ်ဆက်နိုင်ဖို့ ဖြစ်ပါတယ်။ တစ်ခါတလေ ဒေသခံ မဟုတ်တဲ့သူတွေက တခြားဘက်ကနေလာပြီး မေးချင် တာတွေ မေးပါတယ်။ ရန်လိုတဲ့ပုံစံနဲ့ လုပ်ပါတယ်။ တစ်ခါတလေ စည်းကမ်းမရှိပါဘူး။ ကျွန်မတို့အနေနဲ့ အားလုံးကို မေးပိုင်ခွင့်၊ ပြောပိုင်ခွင့် မပြုနိုင်တဲ့အတွက် မဲနှိုက်ခိုင်းပြီး မဲပေါက်တဲ့သူတွေကို မေးပိုင်ခွင့်၊ ပြောပိုင်ခွင့် တွေ ပေးပါတယ်။ အဲဒါတွေကို ကြိုတင်တင်ပြထားတဲ့ မေးခွန်းတွေ ဖြေပြီးတဲ့အချိန်မှာ ပေးပါတယ်။ အဲဒီလို မဲနှိုက်တဲ့နေရာမှ တချို့တွေက သူတို့နာမည် မပါလာလို့ ဆိုပြီး ပြဿနာရှာချင်ကြပါတယ်။ အဲဒါက စည်းကမ်းမရှိ တာပါ။ ကျွန်မတို့က ဒါကို ခွင့်မပြုတာကို အပြစ်လို့ ရှာချင် တာရှိပါတယ်။ ဒါက စည်းကမ်းဖြစ်ပါတယ်။ အားလုံးကို ပြောခွင့်ပေးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

တစ်နိုင်ငံလုံးက လူဦးရေ ၅၂ သန်းကျော်သော ပုဂ္ဂိုလ်တွေနဲ့ အားလုံးအတူတူ တစ်ချိန်တည်း စကားပြော ဖို့ဆိုတာ ဘယ်လိုမှ လက်တွေ့ကျကျ မဖြစ်နိုင်ပါဘူး။ ဖြစ်နိုင်တဲ့နေရာမှာ ကျွန်မတို့က ချိတ်ဆက်ဖို့ ကြိုးစားပါ တယ်။ ကြိုးစားတဲ့နေရာမှာ တကယ့်ကို ဒေသခံတွေရဲ့ အသံကို ကျွန်မတို့ ကြားချင်ပါတယ်။ ဒေသခံမဟုတ်ဘဲနဲ့ ဒီလိုအခမ်းအနား တစ်ခု၊ တွေ့ဆုံပွဲတစ်ခုကို အသုံးချပြီး ကိုယ်လိုချင်တာ လုပ်တာဟာ အခွင့်အရေးကို အလွဲသုံးစားလုပ်တာပါ။ ကျွန်မက အခွင့်အရေးကို မကြည့်ရဘူး၊ တာဝန်ကို ကြည့်ရမယ်လို့ပြောရင် တချို့ မကြိုက်ချင်ဘူး။ ဒါကလည်း ကိုယ့်ရဲ့ လွတ်လပ်ခွင့်ကို ထိခိုက်သလို၊ လွတ်လပ်တဲ့သူဆိုတာ ကိုယ့်မှာအခွင့်အရေး ဆိုတာရှိသလို တာဝန်ဆိုတာလည်း ရှိတယ်ဆိုတာ နားလည်မှ တကယ်လွတ်လပ်တဲ့သူဖြစ်ပါတယ်။

အခွင့်အရေးကိုပဲ လိုချင်တဲ့သူဆိုတာ လွတ်လပ်တဲ့သူ မဟုတ်ပါဘူး။ သူများကို အားကိုးနေတဲ့သူ ဖြစ်ပါတယ်။ အဲဒီလိုလူတွေက အခွင့်အရေးဆိုတာ သူများပေးမှရတာ ပါ။ ကိုယ့်ဘက်က ဘာပေးလို့လဲ၊ တာဝန်ဆိုတာ ကိုယ့်ဘက်က ပေးတာပါ။ ကိုယ်ကလည်း ပေးတာရှိရမယ်။ ကိုယ့်ဘက်က တာဝန်ကျေတယ်ဆိုတာ ကိုယ်ကပေးတာ ပါ။ ဒါဟာ ကိုယ့်ရဲ့ တန်ဖိုးဖြစ်ပါတယ်။ ကျွန်မ အမေရိကန် ပြည်ထောင်စုအကြောင်း ပြောခဲ့ပါတယ်။ အမေရိကန် ပြည်ထောင်စုမှာ သူတို့ရဲ့ လွတ်လပ်ရေးအတွက် စပြီးတိုက်တဲ့အခါမှာ သူတို့သုံးခဲ့တဲ့ ဆောင်ပုဒ်တစ်ခုရှိပါ တယ်။ အခွင့်အရေးမရှိဘဲနဲ့ အခွန်အခမပေးဘူးဆိုပြီး ဆောင်ပုဒ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ အခွန်အခ တော့ ပေးရတယ်။ သူတို့ကို အုပ်ချုပ်တဲ့အစိုးရကို အခွန်အခပေးရပေမယ့်၊ သူတို့ကို အခွင့်အရေးမပေးဘူး။ အဲဒီလိုမျိုးကို မတရားဘူးပြောတာက မှန်ပါတယ်။ သူတို့မှာ အခွန်အခပေးဖို့ တာဝန်ရှိတယ်ဆိုရင် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ရပိုင်ခွင့်တွေကို ရရမှာဖြစ်ပါတယ်။

**တာဝန်ကျေပွန်ရမယ်**

နောက်တစ်ချက် ဘယ်လိုပြောလဲဆိုရင် ဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတွေမှာ သူတို့အနေနဲ့ နိုင်ငံသားတွေရဲ့

*စာမျက်နှာ ၁၀ သို့*

"လွှတ်တော်အတွင်းမှာဆိုရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြောင်းဖို့ ကျွန်မတို့ ကြိုးစားနေပါတယ်။ ဘာဖြစ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်မတို့ ပြောင်းချင်တာလဲ။ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ဖို့အတွက်၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဆိုတာရှိမှသာလျှင် ကျွန်မ တို့ တိုင်းရင်းသားတွေအားလုံးအတွက် စိတ်လုံခြုံမှု ရှိမယ်။ ကိုယ်လုံခြုံမှုရှိမယ်။ ညီညွတ်မှုနဲ့ တိုးတက်မှု ရှိနိုင်မယ်"

*စာမျက်နှာ ၉ မှ*

အခွင့်အရေးတောင်းတယ်ဆိုရင် ပြောတဲ့စကားတစ်ခု ရှိပါတယ်။ သူတို့က အခွန်အခပြည့်ပြည့်ဝဝ ပေးထားတဲ့ နိုင်ငံသားတွေဖြစ်တယ်။ ငါတို့ဟာ ငါတို့ရဲ့ နိုင်ငံသား တာဝန်တွေ ကျေပွန်တယ်၊ ခင်ဗျားတို့ အစိုးရကလည်း အစိုးရရဲ့ တာဝန်ကျေပွန်ရမယ်လို့ ပြောတာက မှန်ပါတယ်။ အဲဒီလို အစိုးရရော၊ နိုင်ငံသူနိုင်ငံသားတွေကရော နှစ်ဖက်စလုံး တာဝန်ကျေပွန်ရမှာ ဖြစ်ပါတယ်။ တစ်ဖက်တည်းက ပေးနေတာဆိုရင် တန်ဖိုးရှိတဲ့ စိတ်ဓာတ် မဟုတ်ပါဘူး။ နိုင်ငံကိုအကျိုးပြုတဲ့ စိတ်ဓာတ်လည်း မဟုတ်ပါဘူး။ ဒါဟာလည်း တာဝန်မသိတာကလွဲလို့ ဘာမှကောင်းတဲ့ စိတ်ဓာတ်မဟုတ်ပါဘူး။

ဒါကြောင့် မေးခွင့်ပေးဖို့အတွက် ဒေသခံတွေကိုပဲ ကျွန်မ မေးခွင့်ပေးပါမယ်။ မဲနှိုက်လို့ရတဲ့ ပုဂ္ဂိုလ်တွေကလည်း မဲနှိုက်ပြီး ပေါက်လာရင် ဒေသခံ ဟုတ်၊ မဟုတ် မေးပြီးမှ အခွင့်အရေးပေးပါမယ်။ ဒေသခံ မဟုတ်ဘဲနဲ့ ဒေသခံပုံစံလုပ်ပြီး ကိုယ်သိချင်တာ လာမေးတာ၊ နောက်ပြီး လှုံ့ဆော်တဲ့သဘောနဲ့ လုပ်တာတွေကို ကျွန်မတို့ ဒါတွေကို လုံးဝလက်မခံပါဘူး။ ကိုယ်ပြောချင်တာ ပြောပိုင်ခွင့်ရှိတယ်၊ တင်ပြပိုင်ခွင့်ရှိတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ လုပ်ပိုင်ခွင့်ဟာ စည်းမျဉ်းစည်းကမ်း ဥပဒေဘောင် အတွင်းကပဲ ဖြစ်ရမယ်။ အဲဒီတော့ စည်းစောင့်စေချင်ပါတယ်။

### တစ်ယောက်ချင်းတိုးတက်ဖို့လို

နိုင်ငံသူနိုင်ငံသားတွေ စည်းစောင့်မှ၊ ကိုယ်ကလည်း ပေးတတ်တဲ့သူ ပေးချင်တဲ့သူ၊ ပေးရဲတဲ့သူဆိုတဲ့ ဂုဏ်သိက္ခာရှိမှသာလျှင် ကျွန်မတို့ နိုင်ငံတိုးတက်မှာပါ။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုရင် တစ်ယောက်ချင်း တစ်ယောက်ချင်း တိုးတက်ဖို့လိုပါတယ်။ အသေးအဖွဲ့ ကိစ္စတွေကအစ ခရီးသွားတဲ့လမ်းမှာ တွေ့မြင်တာတွေထဲက ကျွန်မအနေနဲ့ သင်ခန်းစာယူစရာအများကြီးရှိတယ်၊ ပြောမယ်ဆိုရင်တော့ ပြောချင်တာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် အချိန်မလုံလောက်ပါဘူး။ အချိန်က မလောက်တဲ့အတွက် ကျွန်မအနေနဲ့ ဒီမှာ ဒီလောက်ပဲ ပြောပါ့မယ်။

ပြည်ထောင်စုစိတ်ဓာတ်ကို မွေးကြပါ။ နိုင်ငံသားကောင်း စိတ်ဓာတ်ကို မွေးကြပါ။ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ညီညွတ်ရေးနဲ့ အပေးအယူမျှတရေးအပေါ်မှာ မူတည်ပါ။ ထိုနည်းလည်းကောင်း နိုင်ငံသားကောင်းဆိုတာက အပေးအယူမျှတရေးနဲ့ မူတည်ပါတယ်။ အစိုးရနဲ့ နိုင်ငံသူနိုင်ငံသားတွေအကြား၊ အဖွဲ့အစည်းတွေအကြား၊ ပါတီတွေအကြား၊ လူတစ်ဦးချင်းတစ်ဦးချင်းအကြား အပေးအယူမျှတမှသာလျှင် တိုးတက်တဲ့၊ သိက္ခာရှိတဲ့ ကမ္ဘာက တန်ဖိုးထားမယ့် နိုင်ငံတစ်ခု ဖြစ်လာမှာပါ။

ကျွန်မတို့ နိုင်ငံဟာ စိန်ခေါ်မှုတွေ အများကြီးနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီဟာတွေကို ကျော်လွှားဖို့ဆိုတာကို ကျွန်မအနေနဲ့ စိတ်ပူပင်သောကမရှိပါဘူး။ တတ်နိုင်သလောက် တစ်ရက်ချင်းတစ်ရက်ချင်း၊ တစ်နေ့ချင်းတစ်နေ့ချင်းလုပ်ရမယ့် တာဝန်တွေကို ကျေကျေပွန်ပွန် လုပ်သွားနိုင်ပြီဆိုရင် ကျွန်မ ကျေနပ်ပါတယ်။ လူတိုင်းလူတိုင်းကိုလည်း ဒီလိုပဲ စိတ်ထားစေချင်ပါတယ်။ တစ်နေ့ချင်း တစ်နေ့ချင်း ကိုယ့်ရဲ့တာဝန်တွေကို ကိုယ်ပြည့်ပြည့်ဝဝထမ်းဆောင်သွားမယ်၊ မှန်မှန်ကန်ကန်နဲ့ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက အပေးအယူမျှတအောင် လုပ်သွားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ပဲ ကျွန်မတို့ နိုင်ငံကို ကူညီပေးစေချင်ပါတယ်။ တကယ့်ကို စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ခု ထူထောင်ရေးအတွက်ကို ဝိုင်းဝန်းကူညီပေးကြစေချင်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် ပင်လုံမြို့ ရပ်ကွက်(၂) ပြည်ထောင်စုလမ်းမှ ဦးရဲလှိုင်က ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်း ပညာသင်နိုင်ရေးအတွက် ပင်လုံမြို့တွင် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ရေး၊ ပင်လုံမြို့သည် လူဦးရေထူထပ်စည်ကားသော မြို့တစ်မြို့ ဖြစ်သဖြင့် ပင်လုံမြို့အား လက်ရှိမြို့အဆင့်မှ မြို့နယ်အဆင့်သို့

> **“တိုင်းရင်းသားတွေနဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ပြည်ထောင်စုထူထောင်ဖို့ ဆွေးနွေးတဲ့အခါမှာ ခဏခဏ ပြောတဲ့ ကိစ္စတစ်ခုရှိပါတယ်။ အပြန်အလှန် ယုံကြည်မှု တည်ဆောက်ရေးပါ။ တခြားလူကို ယုံကြည်အောင် မတည်ဆောက်ခင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့လည်း လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့သူက တခြားသူကို ယုံကြည်ဖို့ ပိုပြီး လွယ်ပါတယ်”**

အဆင့်မြှင့်ပေးနိုင်ရေးနှင့် ပြည်ထောင်စုကျောက်တိုင်ပတ်လမ်း အရှည် (၄၂၃၀ x ၁၂) ပေအား လက်ရှိကတ္တရာလမ်းမှ ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရေး၊ လဲချားမြို့ ရပ်ကွက်(၂)မှ မြို့မိမြို့ဖ ဦးစိုင်းထွန်းဦးက လွိုင်လင်ခရိုင် လဲချားမြို့နယ် လဲချားမြို့ဝင် ရေချောင်း(နန့်တောင်ချောင်း)အား မြောင်းကမ်းပါးနံရံ ကျောက်စီခြင်းနှင့် မြောင်းတစ်လျှောက် နုန်းဆယ်ခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပေးနိုင်ရေး၊ လဲချားမြို့ မြို့မကျေးရွာအုပ်စု ဟိုနောင်လုံကျေးရွာ မြို့မိမြို့ဖ ဦးစိုင်းဆိုင်က နောင်ပန်-ဝမ်ယိမ်းလမ်း (၁၄)မိုင် (၂)ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေး၊ နမ့်စန်မြို့ ဘန့်ဟင်ကျေးရွာအုပ်စု ဝမ်ခိုင်းကျေးရွာမှ ဦးထွက်လို့က နမ့်စန်မြို့နယ် ဘန့်ဟင်ကျေးရွာအုပ်စု ကွန်ကျိုင်း(တွန်ကျိုင်း)-ဘန့်ဟင်ရွာမှ (ဝမ်ဟင်)-ဝမ်ခိုင်းရွာအထိ ကျောက်ချောလမ်း (၄)မိုင်ဖောက်လုပ်ပေးရေး၊ ဟိန်းထိုက်စံကုမ္ပဏီတာဝန်ခံ ဦးကိုကိုထွန်းက နမ့်စန်မြို့နယ် အမှတ်(၅)ရပ်ကွက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကော်ဖီရာသီ သီးနှံဌာနခွဲနှင့် စာချုပ်ချုပ်ဆိုထားသည့် ဟိန်းထိုက်စံကုမ္ပဏီအနေဖြင့် ကိုယ်ပိုင်ဈေးဖွင့်လှစ်ခွင့်ရရှိရေး တင်ပြထားမှုအပေါ် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရေး၊ နမ့်စန်မြို့နယ်မှ ဦးနေဇော်နိုင်က နမ့်စန်မြို့နယ်တွင် အဓိကသောက်သုံးရသည့် နမ့်လတ်ချောင်းရေသည် မိုးနှောင်းကာလများတွင် ရေနည်းပါးသည့်အတွက် မြို့နေလူထုရေသောက်သုံးမှု ပြတ်လပ်မှုမဖြစ်စေရေး လွိုင်လင်မြို့နယ် လွယ်တန့်ရေထွက်မှ ရေသွယ်နိုင်ရေး၊ ကွန်ဟိန်းမြို့ အမှတ်(၄) ရပ်ကွက်မှ မြို့မိမြို့ဖ ဦးနေအောင်က ကွန်ဟိန်းမြို့နယ် ကာလိမြို့တွင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သရိုက်များ ကင်းစင်ရေးအတွက် အမှိုက်သိမ်းယာဉ် (Kyat) တစ်စီး လိုအပ်လျက်ရှိပါသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးပါရန်၊ ကွန်ဟိန်းမြို့ အမှတ်(၄)ရပ်ကွက် မြို့မိမြို့ဖ ဦးစိုင်းဖုန်းခေါင်က ကွန်ဟိန်းမြို့ပေါ်ရပ်ကွက်အတွင်း လူဦးရေ (၉၇၄၂) ဦးရှိပြီး လူဦးရေထူထပ်သောကြောင့် မီးသဂြိုဟ်စက်တစ်ခု လိုအပ်လျက်ရှိပါသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန်၊ ကွန်ဟိန်းမြို့ အမှတ်(၄)ရပ်ကွက် မြို့မိမြို့ဖ ဦးစိုင်းနုက အမှုထမ်းအိမ်ရာများအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၄)ခန်းတွဲ (၄)ထပ် တစ်လုံးစီကို ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ကျေးသီးမြို့ မိုင်းနင်ကျေးရွာမှ ဦးစိုင်းအောင်ထွန်းက စက်မှုဝန်ကြီးဌာန အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)မှ မြေလွှဲပြောင်းလျှောက်ထားသည့် ဧရိယာတွင် ဒေသခံတောင်သူလယ်သမားများ၏ ကျေးရွာမြေနှင့် လုပ်ကိုင်စားသောက်စိုက်ပျိုးနေသောမြေများ ပါဝင်နေခြင်း၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံး တမ်းအရ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ နတ်စင်၊ အားကစားကွင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတို့ ပါဝင်နေခြင်းတို့ကြောင့် ဒေသခံတောင်သူလယ်သမားများမှ သဘောမတူကြောင်း ကန့်ကွက်တင်ပြထားခြင်း၊ မိုင်းရှူးမြို့ အမှတ်(၄)ရပ်ကွက် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းမှ ဦးစိုင်းခမ်းခေါင်က မိုင်းရှူးမြို့နယ် တောင်ပေါ်ရတနာနယ်မြေလုပ်ကွက်များသည် ၂၀၁၉ ခုနှစ် ဇွန်လမှစတင်၍ သက်တမ်းကုန်ပြီး ဆက်လက်လုပ်ကိုင်ခွင့်ပိတ်ထားသောကြောင့် ဒေသခံပြည်သူများ၊ အခြားဒေသမှ လာရောက်လုပ်ကိုင်သော ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းမရှိသဖြင့် ဥပဒေနှင့်အညီ အမြန်ပြန်လည်၍ လုပ်ကွက်များ ချထားပေးနိုင်ရေးတို့ကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် စိစစ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် ခန်းမအတွင်းမှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၂၄ ဦးအနက် မဲပေါက်သူ ၃ ဦးဖြစ်သည့် ပင်လုံမြို့ အမှတ်(၁)ရပ်ကွက် ဖြူစင်မေတ္တာနာရေးကူညီမှုအသင်း အတွင်းရေးမှူး ဦးလောယုံ(ခ)ဦးစိုင်းရီက ပင်လုံမြို့၌ လူငယ်အားကစားကွင်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး၊ နမ့်စန်မြို့ အမှတ်(၅)ကျေးရွာမှ ဒေါ်စန်းစန်းအေးက ပင်စင်စားစစ်မှုထမ်းဟောင်းများ၏ လယ်ယာမြေများ ပြန်လည်ရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး၊ မိုင်းပန်မြို့ ရွာသစ်ရပ်ကွက်မှဦးတင်ခိုင်က မိုင်းပန်မြို့နယ်မှ တောင်သူလယ်သမားများ စိုက်ပျိုးရေရရှိရေးနှင့် အစိုးရပိုင်အဆောက်အဦများ ဆောက်လုပ်ရာတွင် အရည်အသွေးပြည့်မီမှုရှိ/မရှိ မှန်ကန်စွာ စစ်ဆေးပေးရေးမေးခွန်းများကိုလည်းကောင်း၊ ခန်းမအပြင်မှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၁၀ ဦးအနက် မဲပေါက်သူ ၃ ဦးဖြစ်သည့် နမ့်စန်မြို့ အမှတ်(၁၀) ကျေးရွာမှ ဦးတူးတူးအောင်က စစ်မှုထမ်းဟောင်းပိုင်မြေပေါ်ကို အခြားသူများ ကျူးကျော်နေမှုများအား ဖယ်ရှားပေးရေး၊ လွိုင်လင်မြို့ အမှတ်(၁) ရပ်ကွက်မှ ဒေါ်ခင်မာဆွေက ယာမြေကိစ္စနှင့်ပတ်သက်၍ တိုင်ကြားထားရှိမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးရေးနှင့် နမ့်စန်မြို့ အမှတ်(၃)ရပ်ကွက်မှ မငွေးကြည်က ရဲဘော်ဟောင်းကျေးရွာတွင် သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး မေးခွန်းများကိုလည်းကောင်း မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ကိစ္စတစ်ခုချင်းစီအလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ယုံယုံကြည်ကြည်နဲ့ တင်ပြ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မတို့ မေးခွန်းတွေလည်းဖြေပြီးပါပြီ။ ပြောတာတွေ၊ တင်ပြတာတွေလည်း နားထောင်ဖြစ်ပါတယ်။ ဒီလို ပြည်သူကနေ ပွင့်ပွင့်လင်းလင်းကိုယ့်ရဲ့လိုအပ်ချက်တွေ၊ ကိုယ့်ရဲ့ ဒုက္ခတွေ၊ ကိုယ့်ရဲ့ပူပင်သောကတွေကို တင်ပြတယ်ဆိုတာ ကျွန်မတို့အတွက် ဂုဏ်ယူစရာပဲ။ ကျွန်မတို့ အစိုးရကို မကြောက်မရွံ့ယုံယုံကြည်ကြည်နဲ့ တင်ပြနိုင်တယ်ဆိုတာ အစိုးရတစ်ခုအတွက် အောင်မြင်ခြင်းတစ်ခုလို့သတ်မှတ်နိုင်ပါတယ်။ နောက်တစ်ဆင့်ကတော့ ဒီအောင်မြင်ခြင်းဆိုတာ ပြည်သူတွေကနေပြီးတော့ ပြည်သူတွေရဲ့ ပူပင်သောကတွေကို တင်ပြရုံတင်မက ဒီပူပင်သောကတွေ ပျောက်ကင်းသွားအောင်လုပ်နိုင်ဖို့ ဆိုတာက အစိုးရရဲ့ နောက်တစ်ဆင့်တာဝန်ဖြစ်တယ်။

ဒါပေမယ့် ဒီလိုလုပ်နိုင်ဖို့ကျတော့ ပြည်သူတွေ ကိုယ်တိုင်ကလည်း ပါဝင်ရမယ်။ ကျွန်မ ခဏခဏပြောပါတယ်။ နိုင်ငံအတွက် ကြီးမားတဲ့ကိစ္စတွေ၊ တကယ့်ကို အရေးကြီးတဲ့ ကိစ္စတွေဆိုရင် ပြည်သူမပါဝင်ဘဲနဲ့ ဘယ်လိုမှဖြေရှင်းလို့မရဘူး။ တချို့က အစိုးရပဲအစိုးရ လုပ်လို့ပြောတယ်။ အစိုးရပဲ အစိုးရလုပ်လို့ဆိုရင် ဒါအာဏာရှင်စနစ်ကို အားပေးရာရောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရအားလုံးတာဝန်ယူ၊ လုပ်ချင်သလို လုပ်ဆိုတဲ့သဘော ဖြစ်သွားတယ်။ ကိုယ်ကလည်း တာဝန်ယူရမယ်။ ကိုယ်ကတော့ တာဝန်မယူဘူး။ အစိုးရပဲ လုပ်ဆိုရင် အစိုးရက လုပ်ချင်သလိုလုပ်သွားမှာပဲ။ တချို့တင်ပြတဲ့ကိစ္စတွေမှာလည်း လုပ်ချင်သလို လုပ်သွားတာကြောင့် ဖြစ်တဲ့အကျိုးဆက်တွေပဲ။ဒါကြောင့် ကျွန်မတို့ပြည်သူကနေ တင်ပြတာကို ကျေးဇူးတင်တယ်။ တတ်နိုင်သမျှ ကျွန်မတို့ ဒီဟာတွေကို ဖြေရှင်းပေးမယ်။ ကိုယ်လိုချင်တဲ့အတိုင်း ၁၀၀ ရာခိုင်နှုန်းတော့ ကျွန်မ အာမမခံဘူး။ စောစောက ကျွန်မပြောသလိုပဲ ကျွန်မတို့ ပြဿနာတွေကို ကိုင်တွယ်တဲ့နေရာမှာ အပေးအယူကတော့ လုပ်ရတယ်။ အလျှော့အတင်းကတော့ လုပ်ရတယ်။ ဒီလိုပုံစံနဲ့သွားမှ ကျွန်မတို့အားလုံးအတွက် အဆင်ပြေနိုင်မှာပါ။ အခု ဒီမှာထိုင်နေတာတောင်မှ တစ်ယောက်ကနေ ကုလားထိုင်နှစ်ခုကို ခွပြီးထိုင်နေတယ်ဆိုရင် ကျန်တဲ့သူတွေအတွက် ပြဿနာဖြစ်တယ်။ တစ်ယောက် ကုလားထိုင်တစ်လုံးဆိုရင် တစ်ယောက်ကုလားထိုင်တစ်လုံးပဲ ထိုင်ရမယ်။

ဒီလိုပဲ ကျွန်မတို့ဟာ ကိုယ့်စည်းကိုယ်စောင့်မယ်ဆိုတာ ဒါကိုပြောတာပါ။ သူများတစ်လုံးပဲ ထိုင်တယ်ဆိုရင် ကိုယ်လည်း တစ်လုံးပဲထိုင်ရမှာပါ။ ကိုယ်ကတော့ နှစ်လုံးခွထိုင်ချင်တယ်။ သူများပဲ တစ်လုံးထိုင်ဆိုရင်တော့ အဲဒါတော့ တရားတာလည်း မဟုတ်ဘူး။ မျှတတာလည်း မဟုတ်ဘူး။ တိုးတက်မှုကို အားပေးတာလည်း မဟုတ်ဘူး။ ဒါကြောင့် ကျွန်မတို့ ပင်လုံပြည်သူလူထုနဲ့ တွေ့ဆုံပွဲကို လာရောက်ပြီးတော့ အားပေးတဲ့ ပြည်သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းနဲ့ ပြောတာကိုလည်း တန်ဖိုးထားပါတယ်။ ဒီလိုပဲကျွန်မတို့ ပြည်သူတွေ ဆက်ပြီးတော့ ကိုယ့်ရဲ့ပြဿနာတွေကို ဖြေရှင်းဖို့နေရာမှာ ရိုးရိုးသားသားနဲ့ လုပ်ကြပါစေ၊ ဆက်ပြီးတော့လည်း လုပ်သမျှအောင်မြင်နိုင်ပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျေးဇူးတင်ပါတယ်။” ဟု ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းရင်းသား၊ တိုင်းရင်းသူကလေးငယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပင်လုံမြို့မှ ထွက်ခွာကြရာ ညနေပိုင်းတွင် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

---

## (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပ

**လဲချား ဖေဖော်ဝါရီ ၁၂**

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ် သီရိဟံသာခန်းမ၌ နံနက် ၇ နာရီက ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ( ၇၃ ) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ဖတ်ကြားသည်။

ထို့နောက် လဲချားမြို့နယ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေခဲ့ကြပြီး (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲမှ ( ထက်/ လယ်/ မူ) အဆင့် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား လှိုင်းဘွဲတွင် ကျင်းပ

**လှိုင်းဘွဲ ဖေဖော်ဝါရီ ၁၂**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား သဝဏ်လွှာဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် အထက်တန်းကျောင်း၌ ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက ဖတ်ကြားပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ

## မြင့်ဆွေဦး

**ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဗြိတိသျှအစိုးရနန်းရင်းဝန် အက်တလီ၏ ဖိတ်ကြားချက်အရ မြန်မာပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ထွက်ခွာသွားသည်။ ညောင်ရွှေစော်ဘွားကြီးလည်း ရှမ်းပြည်မြောက်ပိုင်းသို့ စော်ဘွားများစည်းဝေးကြရန် ထွက်ခွာသွား၏။ ခြေထိုးရန် အကွက်ကောင်းကို စောင့်နေကြသော နယ်ခြားဒေသအတွင်းဝန် စတီဗင်ဆင်သည် ရှမ်းပြည်မြောက်ပိုင်းတွင် ရောက်နှင့်နေပြီဖြစ်သည်။ စော်ဘွားများအား ချော့ချည်မြှောက်ချည်နှင့် မြန်မာပြည်နှင့် မပူးပေါင်းရန် သွေးထိုးနေလေသည်။**

ဘိလပ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် နန်းရင်းဝန် အက်တလီတို့သည် ရှမ်းမြန်မာတောင်တန်းဒေသ ကိစ္စများကိုပါ ဆွေးနွေးတင်ပြနေစဉ်မှာပင် ဗိုလ်ချုပ် အောင်ဆန်းအတွက် မမျှော်လင့်သော ကြေးနန်းတစ်စောင် သည် နန်းရင်းဝန်အက်တလီထံသို့ ရောက်လာသည်။ အဆိုပါကြေးနန်းမှာ ဗိုလ်ချုပ်အောင်ဆန်းအလိုရှိသော ညောင်ရွှေမှ စော်ဘွားများ ကတိပြုလိုက်သည့် ကြေးနန်း မျိုးမဟုတ်။

ကြေးနန်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်း စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း၊ တောင်တန်းဒေသအရေးကိစ္စများအတွက် စော်ဘွား များကို သီးခြားဖိတ်ခေါ်ပါဟူ၍ ဖော်ပြထားသည်။ ဤကြေးနန်းမှာ စော်ဘွားများက သွေးရိုးသားရိုး ရိုက်လိုက်သော ကြေးနန်းမဟုတ်။ စတီဗင်ဆင် ခြေထိုး သောကြောင့် ပယောဂပူးပြီး လားရှိုးမှရိုက်လိုက်သော ကြေးနန်းဖြစ်လေသည်။

ဤကြေးနန်းကို ဗိုလ်ချုပ်အောင်ဆန်းအား နန်းရင်း ဝန်အက်တလီက ပြသည့်အခါ ဗိုလ်ချုပ်က စော်ဘွားများ တင်ပြသည်မှာလည်း မှန်ကန်ကြောင်း၊ မိမိမှာ စော်ဘွား များ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း၊ သို့သော် မိမိအနေ ဖြင့် ရှမ်းပြည်နှင့် တောင်တန်းဒေသကောင်းဖို့အတွက် ပြောဆိုခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းပြလေသည်။

စော်ဘွားများ ဤသို့လားရှိုးမှ ကြေးနန်းရိုက်လိုက် သည်ဆိုသောသတင်းကို ဘိလပ်တွင်ရှိနေသော ဗိုလ်ချုပ် အောင်ဆန်းလက်ထဲသို့ ထိုကြေးနန်းမရောက်မီမှာပင် တောင်ကြီးမြို့ရှိ ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ချုပ်သို့ အဖွဲ့၏အထောက်တော်များက သတင်းပို့ပြီး ဖြစ်သည်။

တောင်ကြီးမြို့တွင်ရှိကြသော အမှုဆောင်များ အားလုံး အရေးပေါ်အစည်းအဝေး ကျင်းပလေသည်။ လွတ်လပ်ရေးဆန္ဒပြပွဲကြီးကို ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်လိုက်ကြသည်။ အစည်းအဝေးကို တောင်ကြီးမြို့ ဈေးအရှေ့ဘက်ကွင်း၌ နံနက် ၈ နာရီခွဲ တွင် ကျင်းပရန်ဖြစ်သည်။

ဤမြို့လုံးကျွတ်အစည်းအဝေးကြီးတွင် -

၁။ လုံးဝလွတ်လပ်ရေးအဆို၊
၂။ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ် ရေးအဆို၊
၃။ နယ်ချဲ့စနစ်တိုက်ဖျက်ရေး အဆိုများကို တင်သွင်းကြသည်။

၎င်းအဆိုများကို တညီတညွတ်တည်း ထောက်ခံ ဆုံးဖြတ်ကြသည်။ ၎င်းအဆိုများနှင့်အတူ ဤလူထုအစည်း အဝေးကြီးမှ လူထုကြီးက ဘိလပ်ရှိ ဗိုလ်ချုပ်အောင်ဆန်း ထံသို့ ကြေးနန်းဖြင့် ပို့လိုက်ကြသည်။

ထိုကြေးနန်းတွင် "ဗိုလ်ချုပ်အောင်ဆန်းကို ငါတို့ ထောက်ခံသည်။ ဗမာပြည်ကို လွတ်လပ်ရေးပေးလျှင် ရှမ်းပြည်အပါအဝင် တောင်တန်းဒေသတွေကိုပါ တစ်ပြိုင် တည်း လွတ်လပ်ရေးပေးပါ" ဟု တောင်းဆိုထားသည်။


ဗိုလ်ချုပ်အောင်ဆန်းဇနီးမောင်နှံနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ

ဤကဲ့သို့ ဗိုလ်ချုပ်ကို ထောက်ခံသူနှင့် ကန့်ကွက် သူများ ပေါ်ထွက်လာသဖြင့် "မကြာမီကျင်းပမည့် ပင်လုံ အစည်းအဝေးတွင်ဖြစ်စေ (သို့မဟုတ်) ယင်းကိစ္စအတွက် အထူးဖိတ်ခေါ်သည့် အစည်းအဝေးတွင်ဖြစ်စေ ဗိုလ်ချုပ် တို့နှင့် တောင်တန်းဒေသကိုယ်စားလှယ်များ တွေ့ဆုံ ဆွေးနွေးကြပါ။ ယင်းကဲ့သို့ ဆွေးနွေးညှိနှိုင်း၍ ရရှိလာ သော သဘောတူညီချက်ကို ဗြိတိသျှအစိုးရက လက်ခံ ပါမည်"ဟု နန်းရင်းဝန်အက်တလီက လိုက်လျောသဘော တူခဲ့သည်။

အက်တလီစိတ်ထဲတွင် "ဒီရှမ်းတွေ၊ ဗမာတွေ၊ တိုင်းရင်းသားတွေကို ငါတို့သွေးခွဲထားခဲ့တာ နှစ်ပေါင်း ရာချီခဲ့ပြီ။ တောင်တန်းဒေသတစ်လျှောက်မှာလည်း စော်ဘွားတွေ၊ ဒူးဝါးတွေ၊ တောင်အုပ်တွေက ကြီးစိုး လွှမ်းမိုးနေတုန်း၊ လူထုကြီးကလည်း ကစားဝိုင်းနဲ့၊ ဘိန်းနဲ့ အိပ်ပျော်နေကြတုန်း။ သူတို့တစ်တွေပင်လုံမှာ ဆွေးနွေး ညှိနှိုင်းကြလို့က ဘာတစ်ခုမှ သဘောတူညီချက်ရမှာ မဟုတ်ဘူး" ဟု မှတ်ထင်ထားလေသည်။

သို့သော် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ် အတွင်းတွင် ပင်လုံ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးကြသည့်အခါ ထွက်ပေါ်လာသည့်အဖြေ မှာ အက်တလီတို့ တွေးထင်ထားသလိုမဟုတ်ဘဲ ဖြောင့်ဖြောင့်ချည်း ဆန့်ကျင်သောအဖြေ ဖြစ်လာသည်။ တောင်တန်းသားတို့သည် ဗမာပြည်မနှင့်ပူးပေါင်း၍ မဆိုင်းမတွ လုံးဝလွတ်လပ်ရေးကို အရယူမည်ဟူသော "ပင်လုံစာချုပ်" ကို ရေးထိုးချုပ်ဆိုနိုင်ခဲ့လေသည်။

ထိုပင်လုံစာချုပ်ကြောင့်ပင် ၁၉၄၈ ခုနှစ် ဇန်နဝါရီ လ ၄ ရက်နေ့တွင် "လွတ်လပ်သော ပြည်ထောင်စုမြန်မာ နိုင်ငံ" ဖြစ်ပေါ်လာခဲ့သည်။ ဝမ်းနည်းစရာကောင်းသည် မှာ "လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံ" ဖြစ်ပေါ် လာရန် ကြိုးပမ်းနေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ တွင် မသမာသူလူတစ်စုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ခေါင်းဆောင်ကြီးများ ကျဆုံးသွားခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားသည့်အချိန်တွင် အသက် ၃၃ နှစ်သာရှိသေး၍ ထိုမျှသောအသက်အရွယ် တွင် ဤကဲ့သို့ ကြီးမြင့်သောဘဝအဆင့်အတန်းကို ရောက်ခဲ့ခြင်းကပင် ထူးခြားလှသည်။ "အောင်ဆန်း" ဟုအမည်ကို ကြားရုံမျှဖြင့် တစ်ကိုယ်လုံးသိမ့်သိမ့်တုန် ကြက်သီးမွေးညင်းထကာ ဂုဏ်ယူမဆုံး၊ တက်ကြွမဆုံး ဖြစ်ခဲ့ကြသည်။

မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ယူစရာ အားမာန် တက်ကြွစရာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကို တိုင်းရင်းသားခေါင်းဆောင်များကလည်း ချစ်ခင်မြတ်နိုး ယုံကြည်ကိုးစားခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် တိုင်းရင်းသားခေါင်းဆောင်များထံ အရောက် သွား၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။ သဘောတူညီ မှု ရယူခဲ့သည်။ နောက်ဆုံးတွင် တိုင်းရင်းသားခေါင်းဆောင် များအားလုံးက အောင်ဆန်းဆိုသူအား သူတို့ခေါင်းဆောင် အဖြစ် လက်ခံသတ်မှတ်ခဲ့ကြလေသည်။

ထို့ကြောင့် တိုင်းရင်းသားခေါင်းဆောင်များ၏ ဗိုလ်ချုပ်အောင်ဆန်းအပေါ် ရှုမြင်သုံးသပ်ခဲ့ကြပုံများကို စုစည်းတင်ပြလိုက်ပါသည်။

ကချင်အမျိုးသားခေါင်းဆောင်ကြီး "ဆမားဒူးဝါး ဆင်ဝါးနောင်" က "ဗိုလ်ချုပ်၏ ကရုဏာသဘောထား ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော်ပြောဖို့တော့ မလိုပါဘူး။ သို့သော် ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းတဲ့ အချက်တစ်ခုကိုတော့ မပြောဘဲမနေနိုင်သဖြင့် ထုတ်ဖော် ပြောရလိမ့်မယ်။ ဗိုလ်ချုပ်ဟာ ကျွန်တော်တို့ကို ပြောကြား ရန်ရှိတဲ့ ကိစ္စများကို ဆွေးနွေးတိုင်း ရှင်းရှင်းပဲပြောတယ်။ ကျွန်တော်တို့ကလည်း ဘာမဆို ရှင်းရှင်းပြောနိုင်ခွင့် ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ ကချင်နယ်ကိုသွားတုန်း က ဗိုလ်ချုပ်အကြောင်းကို ပြောကြရာတွင် "ဗိုလ်ချုပ်ဟာ ကချင်ပဲ ထင်တယ်။ ကချင်တွေနဲ့ သဘောထားသိပ်တူ တယ်။ ဘာမဆိုဖြောင့်ပြောတတ်တယ်" အစရှိသဖြင့် ပြောနေတာကို ကြားရတယ်။

"ဗိုလ်ချုပ်၏ဂုဏ်များကို ပြောဆိုနေခြင်းဖြင့် ကုန်နိုင်မည့်အကြောင်းမရှိသော်လည်း မပြောလျှင် စိတ်မချမ်းသာသဖြင့် ထပ်ပြောဦးမယ်။ ဗိုလ်ချုပ်ဟာ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ မြန်မာပြည်မနဲ့ တောင်တန်း သားများပေါင်းပြီး ရှေ့သို့တိုး၍ ဆောင်ရွက်နိုင်အောင် ပေါင်းစည်းပေးခဲ့တယ်။ ရှေးရာဇဝင်အရ တကယ့်အဖြစ် မှန်အရဆိုလျှင်လည်း ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသား အားလုံး မြန်မာပြည်ရှိ လူအားလုံးဟာ တစ်အိမ်တည်း သားများသာဖြစ်တဲ့အတိုင်း မူလအခြေအနေသို့ ရောက်အောင် ဗိုလ်ချုပ်က ပေါင်းစည်းပေးခဲ့တယ်။

"ဗိုလ်ချုပ်ကို လှိုက်လှိုက်လှဲလှဲ မချီးကျူးဘဲ မနေနိုင် သည့် အချက်တစ်ခုမှာလည်း သူများတွေ နန်းရင်းဝန်တို့၊ ဘာတို့ လုပ်တယ်ဆိုလျှင် အိမ်ဝင်းတံခါးပေါက်မှာ ပုလိပ် အစောင့်တို့၊ ဘာတို့ထားရှိတယ်ဆိုတာ သိရတယ်။ သို့သော် ဗိုလ်ချုပ်က ဘာမှမထားချင်ဘူး။ အကုန်ပြောရ မယ်ဆိုလျှင် မည်သည့် ဆင်းရဲသားမဆို မိမိတို့၏ အရေး ပြဿနာများကို ဗိုလ်ချုပ်ထံ အလွယ်တကူ ဝင်ရောက် ပြောဆိုနိုင်ခွင့်ရှိတယ်။ သည်လိုအချက်တွေကို ထောက်ရှု ခြင်းအားဖြင့် ဗိုလ်ချုပ်ဟာ တိုင်းပြည်ဆင်းရဲသားများကို မည်သို့ ကရုဏာရှိပြီး မည်ကဲ့သို့ လွတ်လပ်ခွင့်ပေးတယ် ဆိုတာကို အလွယ်တကူ ကျနစွာသိသာနိုင်ပါတယ်" ဟူ၍ ပြောဆိုခဲ့လေသည်။

ကရင်အမျိုးသားခေါင်းဆောင် စောစံဘိုးသင်က "ကျွန်တော်တို့ ၁၉၄၂ ခုနှစ်ကဖြစ်ခဲ့တဲ့ ကရင်ဗမာ အဓိကရုဏ်းမှာ ကျွန်တော်လည်း ပါဝင်ပါတယ်။ ခေါင်းဆောင်ခဲ့တယ်။ အဲဒီအချိန်အခါမှာ ဗိုလ်ချုပ် ခေါင်းဆောင်တဲ့ ဘီအိုင်အေက ကျွန်တော်တို့ရဲ့ ရန်သူ ဖြစ်ခဲ့တယ်။ ကျွန်တော် ယခုပြောချင်တာက ဗိုလ်ချုပ်ဟာ ရန်သူကို ဘယ်လိုမိတ်ဆွေဖြစ်အောင် ပြန်လုပ်တတ် သလားဆိုတာ အင်မတန်ထူးကဲတဲ့ အချက်တစ်ချက်ဖြစ် ပါတယ်။ အဲသည် ၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့မှာ ဗမာ ပြည်က လွတ်လပ်ပြီဆိုတာ ကြေညာပါတယ်။ ကြေညာ တော့ ကျွန်တော် ရန်ကုန်ကိုဆင်းလာတယ်။ ဆင်းလာ တော့ ကျွန်တော့်မိတ်ဆွေများက ရန်ကုန်ကိုမသွားနဲ့၊ ခင်ဗျားကို သခင်တွေက သတ်လိမ့်မယ်လို့ပြောတယ်။

"သို့သော် ကျွန်တော်က သွားရမယ်လို့ပြောပြီး ထွက်လာခဲ့တယ်။ ကျွန်တော်ရန်ကုန်ရောက်လာပြီး ပထမ ဦးဆုံး သခင်ဗိုလ်နှင့် တွေ့တယ်။ ပြီးတော့ သခင်အောင်ကြီး တို့နှင့် တွေ့တယ်။ သူတို့နှင့်တွေ့ပြီးတော့ ကျွန်တော်က ပြောတယ်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ချင်တယ်။ ဒါနှင့် သူတို့က သခင်သန်းထွန်းဆီခေါ်သွားတယ်။ အဲဒီက တစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သွားတွေ့ရတယ်။ သွားတွေ့တော့ ကျွန်တော်က ပြောလိုက်တယ်။ ကျွန်တော် ဟာ စောစံဘိုးသင်ပဲ၊ ခင်ဗျားရဲ့ ရန်သူဖြစ်တယ်။ သူက ကျွန်တော့်ကို ကြည့်ပြီး ဘယ်လိုပြောသလဲဆိုရင် 'A brave enemy is a good friend' တဲ့ သည်စကားကိုကြားပြီး တော့ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော့်ကိုတော့ သတ်မှာ တော့မဟုတ်ဘူးဆိုပြီး နောက်တဖြည်းဖြည်း ကျွန်တော် တို့ ဗမာ့တပ်မတော်ထဲဝင်ပြီး ဆောင်ရွက်ရတယ်။

"ကျွန်တော်တို့ ကရင်တစ်မျိုးသားလုံးကလည်း အဲသည် ဗိုလ်ချုပ်အောင်ဆန်းကို အားကိုးပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော့်ကို အကြံပေးပါတယ်။ ကျွန်တော်တို့ ကရင်လူမျိုးများက Election Boycott လုပ်တဲ့အခါ ကျွန်တော်က ဗိုလ်ချုပ်အောင်ဆန်းထံ သွားပြီး တောင်းပန်ပါတယ်။ အဲဒီမှာ ဗိုလ်ချုပ်က ပြောလိုက်ပါ တယ်။ ခင်ဗျားက ခေါင်းဆောင်လုပ်မယ်ဆိုလျှင် ခေါင်းဆောင်လုပ်ပေါ့တဲ့။ ဒါနဲ့ ကျွန်တော့်ကို မိတ်ဆွေ များက ဝိုင်းဝန်းကန့်ကွက်ကြပါတယ်။ မိန်းမကိုယ်တိုင် ကလည်း မလုပ်ဖို့ ငိုယိုပြီးပြောပါတယ်။ ဒါပေမယ့် ကျွန်တော်က မိတ်ဆွေပစ်၊ မိန်းမပစ်နဲ့ ဗိုလ်ချုပ်နှင့် အတူတူ ချစ်ချစ်ခင်ခင်လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီလို သံလိုက်နှင့်တူတဲ့ ဗိုလ်ချုပ်လိုလူမျိုး ကျွန်တော်တို့ ဗမာ ပြည်မှာ မရှိခဲ့ပါဘူး" ဟု ပြောကြားခဲ့သည်။

ချင်းအမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဝမ်ကိုဟောကလည်း အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ကျွန်တော် ပင်လုံအစည်းအဝေးကြီးတွင် မြန်မာပြည်နှင့် တောင်တန်းအမျိုးသားများ ဆက်ဆံရေးအတွက် ချင်းများ၏ ကိုယ်စားလှယ်အဖြစ် လာစဉ်အခါက ဗိုလ်ချုပ်ကို ပထမဆုံးတွေ့ရခြင်း ဖြစ်ပါတယ်။

*စာမျက်နှာ ၁၂ သို့*

**"ဗိုလ်ချုပ်အောင်ဆန်းကို တိုင်းရင်းသားခေါင်းဆောင်များကလည်း ချစ်ခင်မြတ်နိုး ယုံကြည်ကိုးစားခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် တိုင်းရင်းသားခေါင်းဆောင်များထံ အရောက်သွား၍ ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ သဘောတူညီမှု ရယူခဲ့သည်။ နောက်ဆုံး တွင် တိုင်းရင်းသားခေါင်းဆောင်များအားလုံးက အောင်ဆန်းဆိုသူအား သူတို့ခေါင်းဆောင်အဖြစ် လက်ခံသတ်မှတ်ခဲ့ကြ"**

# (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနား သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အချက်လေးချက်ပါရှိသည့် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကြေညာချက်ကို ဖတ်ကြားပြီး ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် သံရုံးများမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အဆိုပါ အခမ်းအနားကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံတမန်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ – ဇော်ကြီး**




*စာမျက်နှာ ၁၁ မှ*

အကျဉ်းအားဖြင့် မေတ္တာ၊ ကရုဏာနှင့် သူ၏ တောင်ပေါ်သားများကို မွန်မြတ်သည့် သဘောထားဖြင့် မိမိ၏ ဆွေရင်း၊ သားရင်းအဖြစ် နီးနှောတိုင်ပင်သည့်အတွက် ချင်းကိုယ်စားလှယ်များ၏ ချစ်ခြင်းမေတ္တာနှင့် ကြည်ညိုလေးစားခြင်းကို ရရှိခဲ့သူဖြစ်ပါတယ်။ သူ၏ အကျင့်စာရိတ္တ၊ ဝီရိယနှင့် ရိုးသားဖြောင့်မတ်ခြင်းအားဖြင့် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုနိုင်ခဲ့သည်ဟု ကျွန်တော်ဆိုချင်ပါတယ်။ သူ၏ ရိုးသားဖြောင့်မတ်ခြင်းသည် လူတိုင်း၏ ယုံကြည်ခြင်းဖြစ်စေသည့်အတွက် ဗိုလ်ချုပ်၏မိန့်ခွန်းသည် ကတိစာချုပ်ဖြစ်သည်ဟု ယုံကြည်ခဲ့ကြလေသည်။”

ညောင်ရွှေ စော်ဘွားကြီးကလည်း “ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် မြန်မာပြည်၏ ရှေ့ဆောင်လမ်းပြ မီးရှူးတိုင်ဖြစ်ခဲ့ပါတယ်။ ၎င်း၏ ပညာစွမ်း၊ လုံ့လစွမ်းတွေနဲ့ မည်းမှောင်နေသော စစ်ဒုက္ခကျရောက်နေတဲ့ ဗမာပြည်ကြီးကို အလင်းရောင်ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကာလ ကျောင်းသားဘဝကစ၍ လူထုတိုးတက်ရေးလုပ်ငန်းတွေကို ခေါင်းဆောင်ခဲ့တယ်။ ကျောင်းသားလောက၊ နိုင်ငံရေးလောက၊ အုပ်ချုပ်ရေးလောက အစရှိတဲ့ နေရာဌာနအသီးသီးမှာ ဗိုလ်ချုပ်အောင်ဆန်းကို မသိသူ အလွန်ရှားပါး ပါလိမ့်မယ်။ တည်ကြည်မှု၊ ရိုးဖြောင့်မှု၊ အမြင်ကျယ်မှုတွေနဲ့ လူထုလုပ်ငန်းတွေကို ရှေ့ဆောင်ခဲ့ပါတယ်။

“တိုင်းရင်းသားညီညွတ်ရေး၊ လူထုညီညွတ်ရေး၊ အာရှတိုက်နိုင်ငံများ ညီညွတ်ရေးစတဲ့ အဆင့်ဆင့်သော ညီညွတ်မှုတို့ကို အမြဲထာဝရ လုံးပန်းခဲ့သူဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လုံ့လဉဿာဟကြောင့် မြန်မာနိုင်ငံတွင် ကြုံကြိုက်ခဲလှသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ညီညွတ်မှုကို ယခု ရရှိလျက်ရှိပါတယ်။ အထူးသဖြင့် နယ်စပ်ဒေသတိုင်းရင်းသားများအားအကိုးကြီးကိုးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရလို့ နယ်စပ်ဒေသ တိုင်းရင်းသားတွေဟာ ယူကျုံးမရ တွေးမိတိုင်း ဆွေးမြည့်တဲ့အခြေသို့ ရောက်ရပါတယ်” ဟု ပြောကြား ခဲ့သည်။

တိုင်းရင်းသား ခေါင်းဆောင်များ၏ ဗိုလ်ချုပ်အောင်ဆန်းအပေါ် သဘောထားအမြင်များသည် ပြီးပြည့်စုံသည်မဟုတ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ထူးခြားချက်များနှင့် ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်ုပ်တို့၏ စိတ်အာရုံထဲ၌ အဘယ်ကြောင့် မပျောက်ကွယ် စွဲထင်ကျန်ရစ်နေရသည်ဟူသော အချက်ကို တစ်စိတ်တစ်ဒေသ ဖော်ညွှန်းနေသည်ဟု ယုံကြည်ယူဆမိပါတော့သည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၂-၂၀၂၀(ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၇:၃၀ – “နေပြည်တော်ရဲ့ အထိမ်းအမှတ်တစ်ခု ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု”
- ၇:၅၀ – **ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၉:၁၀ – “သူလိုလူနှင့် အနာဂတ် ကြယ်ပွင့်လေးများ”
- ၉:၄၅ – **မြန်မာနိုင်ငံကလေးများနေ့ (ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့)အထိမ်းအမှတ်ပြိုင်ပွဲ အခမ်းအနား တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်**
- ၁၅:၀၀ – ဟိုတုန်းက... ရေဒီယို အသံလွှင့်ဓာတ်လမ်းများ “သစ္စာဖြင့်ရသော မေတ္တာ” (သာဒိုးအောင်၊ ခိုင်သဇင်၊ မေဇင်ငြိမ်း) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)

**ညပိုင်း**

- ၁၆: ၃၅- “နတ်မောက်မြေမှ ထာဝရမညှိုးပန်း”
- ၁၇:၁၅ – “သူလိုလူနှင့် အနာဂတ် ကြယ်ပွင့်လေးများ”
- ၁၈:၂၀ – မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ “နှလုံးသားခေါ်ဆောင်ရာ” (အပိုင်း-၅)
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ – “ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ်ပြခန်း သမိုင်းမှတ်တမ်း”
  - – “ပြည်ထောင်စုစိတ်ဓာတ် နှောင်ဖွဲ့ရာ”
  - – တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအစီအစဉ်များ “သက်ကြီးပူဇော်ပွဲ ကျင်းပရေး လုပ်ငန်း ကော်မတီ”
  - – “တွဲလက်ညီညီ သစ္စာတည်” (တိုင်းရင်းသားရုပ်သံလိုင်းမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ)

# ပြည်ထောင်စုနေ့အခမ်းအနား အမြို့မြို့အနယ်နယ်တွင် ကျင်းပ

### လွိုင်ကော်

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က လွိုင်ကော်မြို့ ကန္တာပောဝန် ပန်းခြံရှိ ကျောက်သားရင်ပြင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ တက်ရောက်အလေးပြုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**




**ထွန်းလေး**

### မော်လမြိုင်

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့ နံနက်က မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဖတ်ကြားကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

### မင်းတပ်

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့ နံနက်က မင်းတပ်မြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက ဖတ်ကြားသည်။

**ခွီရှိန်း(ပြန်/ဆက်)**

### ရန်ကုန်

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များနှင့် ရဲဘော်အပေါင်းအား အလေးပြုပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာအား သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက ဖတ်ကြားသည်။

ယနေ့ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော ပြည်ထောင်စုနေ့အထိမ်းအမှတ်နှင့် ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

### မကွေး

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာ ဖတ်ကြားပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မကွေးတိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များက နိုင်ငံတော်အလံ အလေးပြုခြင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို က ဖတ်ကြားသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသူများအား မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် ပြည်ထောင်စုနေ့ သဝဏ်လွှာ ဖတ်ကြားခြင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ စမ်းမာလာဥယျာဉ်အတွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်က ဖတ်ကြားစဉ်။ စိုင်း(သီပေါ)

### မိုးမိတ်

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် ပြည်သူ့အားကစားကွင်း လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို မိုးမိတ်ခရိုင်ခေတ္တအုပ်ချုပ်ရေးမှူး ဦးခင်ဇော်က ဖတ်ကြားခဲ့ပြီး တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**စည်သူဌေး(ပြန်/ဆက်)**

# 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး (၁၆/၂၀၂၀)

## မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံများတွင် တက်ရောက်နေသော စောင့်ကြည့်လူနာ ၁၆ ဦးတို့၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၁၆/၂၀၂၀) ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေး၌ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ယခုဖြစ်ပွားနေသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (2019–nCoV acute respiratory disease) ရောဂါ၏ အမည်ကို Coronavirus Disease 2019 (COVID–19) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရုံးချုပ်မှ ဖေဖော်ဝါရီ ၁၁ ရက်တွင် တရားဝင်အမည် သတ်မှတ်ပေးလိုက်ပြီးဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံများတွင် လက်ရှိအသုံးပြုလျက်ရှိသော စံလုပ်ထုံးလုပ်နည်းလမ်းညွှန် Standard Operating Procedures (SOP)မှ Case Definition အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော Case Definition အတိုင်း အတိအကျ လိုက်နာ ဆောင်ရွက်စေလိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံများတွင် အရေးပေါ်လိုအပ်လာပါက Hospital Quarantine Zone၊ Isolation Ward၊ ICU Ward များ ထပ်မံသတ်မှတ် ပြင်ဆင်ထားရှိနိုင်ရေးအတွက် သက်ဆိုင်ရာဆေးရုံများနှင့် ကြိုတင်ညှိနှိုင်း စီစဉ်ဆောင်ရွက်ထားစေလိုကြောင်း။

### ပညာပေးပိုစတာများ တပ်ဆင်နိုင်ရေး

Hospital Quarantine ကာလ ၁၄ ရက် ပြီးမြောက်ပြီးနောက် ဆေးရုံဆင်းခွင့်ပြုလိုက်သည့် လူနာများအား ဆေးရုံဆင်းပြီးနောက် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို အလေးထား အသိပေးမှာကြားနေသည်မှာ ကောင်းမွန်ပါကြောင်း၊ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပမည့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ဖွင့်ပွဲအခမ်းအနားတွင် လူဦးရေ ၂၀၀၀၀ ခန့် တက်ရောက်ကြမည်ဖြစ်ရာ လိုအပ်သည့် လက်ဆေးရည်များထားရှိရန်၊ ချောင်းဆိုး၊ နှာစေးသည့် လူနာများရှိပါက အသုံးပြုနိုင်ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်းများ ထားရှိရန်၊ ကျန်းမာရေးအသိပညာပေးပိုစတာများ တပ်ဆင်ထားရှိနိုင်ရေးအတွက် နေပြည်တော်ကောင်စီ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်စေလိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံများမှ စောင့်ကြည့်လူနာများအား ဓာတ်ခွဲနမူနာရယူပြီး အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့ရာတွင် အသုံးပြုရမည့် Viral Transport Medium (VTM) များ လုံလောက်မှုရှိစေရန် စီစဉ်ဆောင်ရွက်ထားစေလိုကြောင်း။

မြို့နယ်အဆင့်ဆေးရုံများရှိ စောင့်ကြည့်လူနာများ၏ အခြေအနေပေါ်မူတည်၍ လိုအပ်ပါက နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံကြီးများသို့ လွှဲပြောင်းပို့ဆောင်နိုင်ရေးအတွက် အဆင်ပြေစေရန် ကြိုတင်ပြင်ဆင်ထားစေလိုကြောင်း၊ လိုအပ်သည့် Ventilator များ ထပ်မံဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သည့် Specification များအား မေ့ဆေးအထူးကုဆရာဝန်ကြီးများနှင့် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်စေလိုကြောင်း၊ မြန်မာသီးသန့်စီးပွားရေးဇုန်အတွင်း မြန်မာ–တရုတ် နှစ်နိုင်ငံအကြား အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနဆောင်ရွက်ရန် တရုတ်သုတေသနရေယာဉ် XIANG YANG HONG 06 သည် ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်မည့်ကိစ္စနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးမှုများ အထူးကြပ်မတ်ပြုလုပ်ရန်အတွက် အသေးစိတ်ကြိုတင်ပြင်ဆင်ထားရှိစေလိုကြောင်းနှင့် ယခုဖြစ်စဉ်ပြီးဆုံးသည်အထိ အရှိန်အဟုန်မလျှော့ဘဲ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နေ့စဉ်ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအချို့၌ လက်ရှိဖြစ်ပွားနေသည့် Coronavirus Disease 2019 (COVID–19) ရောဂါဖြစ်ပွားမှုဖြစ်စဉ်ကို ခြုံငုံသုံးသပ်ပြောကြားသည်။

### ဝင်ပေါက်၊ထွက်ပေါက် ၂၇ ခုတွင်စောင့်ကြပ်

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်မှ နောက်ဆုံး (update) ထုတ်ပြန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ ကမ္ဘာပေါ်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေ၊ ဆက်လက်တိုးတက်နေသော လူနာအရေအတွက်နှင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံများတွင် တက်ရောက်နေသော စောင့်ကြည့်လူနာ ၁၆ ဦးတို့၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်ကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအသီးသီးမှ ပေးပို့လာသော ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆောင်ရွက်နေမှုနှင့် သတင်းပေးပို့နေမှုအခြေအနေများနှင့် ထူးခြားဖြစ်စဉ်များ၊ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုနှင့် တိုင်းဒေသကြီး/ပြည်နယ်ရှစ်ခုမှ မြို့နယ် ၂၀ မြို့နယ်ရှိ တရားဝင်နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက် ၂၇ ခုတွင် အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုသည့်အခြေအနေနှင့် သံသယလူနာ/စောင့်ကြည့်လူနာ မတွေ့ရှိခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ပညာသင် ၅၉ ဦး၏ ကျန်းမာရေးအခြေအနေသည် (ယနေ့ နံနက်ပိုင်း စစ်ဆေးချက်များအရ) ကောင်းမွန်လျက်ရှိခြင်း စသောအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

### ဆွေးနွေးအကြံပြုခြင်းများဆောင်ရွက်

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ)၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)၊ ဆေးရုံအုပ်ကြီးများ၊ ကူးစက်ရောဂါ ကုသရေးဆိုင်ရာ ပါမောက္ခများ၊ ဆေးပညာပါမောက္ခများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ eHealth ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

**သတင်းစဉ်**

# ကိုရိုနာဗိုင်းရပ်စ် (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

## ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကုသသည့် လူနာသစ်မရှိ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စင်ကာပူနိုင်ငံမှ ဖေဖော်ဝါရီ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သော ကိုရိုနာဗိုင်းရပ်စ် (COVID–19) ဓာတ်ခွဲအတည်ပြုလူနာ တစ်ဦးနှင့် အနီးကပ်ထိတွေ့ခဲ့သည့် အသက် (၂၉ နှစ်) အရွယ် အမျိုးသမီးအား ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးခဲ့ရာ လူနာ၏အခြေအနေမှာ ကောင်းမွန်လျက်ရှိသည်။ အဆိုပါလူနာနှင့် ထိတွေ့ခဲ့သဖြင့် နေအိမ်တွင်နေထိုင်စေ၍ အသွားအလာကန့်သတ်ခြင်း ပြုလုပ်ထားသူများတွင်လည်း ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိသည်။

မြန်မာသီးသန့်စီးပွားရေးဇုန်အတွင်း မြန်မာ–တရုတ် နှစ်နိုင်ငံအကြား အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနဆောင်ရွက်ရန် တရုတ်သုတေသနရေယာဉ် XIANG YANG HONG 06 သည် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့ရာ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၊ လူဝင်မှုဆိုင်ရာ ဆိပ်ကမ်းကျန်းမာရေးဌာနခွဲနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ အဆိုပါရေယာဉ်ပေါ်သို့ တက်ရောက်၍ သင်္ဘောသားနှင့် သုတေသီ ၅၉ ဦးအား တစ်ဦးချင်း အဖျားစစ်ဆေးခြင်း၊ သင်္ဘောပေါ်ရှိ နေ့စဉ်အဖျားတိုင်းတာမှုမှတ်တမ်းအား စစ်ဆေးခြင်း၊ Health Declaration Card များ စစ်ဆေးခြင်း၊ သင်္ဘောပေါ်ရှိ အစားအသောက်နှင့် သန့်ရှင်းမှုအခြေအနေအား စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ အဖျားလူနာ မတွေ့ရှိခြင်း၊ မော်လ်ဒိုက်နိုင်ငံ မာလီမြို့မှ ဇန်နဝါရီ ၂၁ ရက်တွင် ထွက်ခွာလာပြီး ကိုရိုနာဗိုင်းရပ်စ် (COVID–19) ရောဂါပျိုးရက်ထက် ကျော်လွန်နေခြင်းတို့ကြောင့် ဆိပ်ကမ်းကပ်ခွင့်အား ညနေ ၆ နာရီတွင် ထုတ်ပေးခဲ့သည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖေဖော်ဝါရီ ၁၁ ရက် ည ၈ နာရီမှ ၁၂ ရက် ည ၈ နာရီအထိ ကိုရိုနာဗိုင်းရပ်စ် (COVID–19) ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကုသသည့် လူနာသစ်မရှိကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် စောင့်ကြည့်လူနာ ၁၆ ဦးအား သက်ဆိုင်ရာဆေးရုံများ၌ ဆက်လက်စောင့်ကြပ် ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် (COVID–19) ရောဂါစောင့်ကြည့်လူနာနှင့် သံသယလူနာများတွေ့ရှိပါက ဆက်လက် သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ည ၈ နာရီ ထုတ်ပြန်ချက်အရ သိရသည်။

**မြန်မာ့အလင်း**

# 2019 Novel Coronavirus (2019-nCoV) ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့် ပတ်သက်၍ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**2019 Novel Coronavirus (2019 – nCoV) ကြောင့် ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် ပတ်သက်၍ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များလိုက်နာ**

အစည်းအဝေးတွင် ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေးကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပခဲ့သော ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ဝန်ကြီးဌာနများအနေဖြင့် လုပ်ဆောင်ရမည့် အချက်အလက်များအား မည်မျှလုပ်ဆောင်ပြီးသည်နှင့် ရှေ့လုပ်ငန်းစဉ်များအား ညှိနှိုင်းမည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်ထားသည့် ဆေးရုံကြီးများရှိ စောင့်ကြည့်လူနာများ၏ ကျန်းမာရေးအခြေအနေများ တိုးတက်ကောင်းမွန်ကြောင်း၊ စောင့်ကြည့်လူနာများအား နယ်မှ မြို့ပေါ်ဆေးရုံသို့ ခေါ်ဆောင်ကုသမှုပေးရာတွင် ပြည်သူလူထုအနေဖြင့် နားလည်မှုလွဲမှားခြင်းများ၊ ထိတ်လန့်မှုများရှိနေသဖြင့် သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ယခုရောဂါဖြစ်ပွားမှုအခြေအနေမှာ လူစုလူဝေးအခြေအနေတွင် ပိုမိုဆိုးရွားလာနိုင်သဖြင့် လူစုလူဝေး၊ ပွဲလမ်းသဘင်များ ကျင်းပခြင်းအား တတ်နိုင်သမျှ ရှောင်ရှားနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မဖြစ်မနေကျင်းပရန် လိုအပ်ပါကလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် 2019–nCoV ရောဂါနှင့် ပတ်သက်သည့် ပြည်သူများ သိရှိရန် သတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်ပြန်ပေးသည်ကို သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကာလအတွင်းတွင် ဆက်လက်၍ အကြိမ်ရေ တိုးမြှင့်ထုတ်ပြန်ပေးစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် တင်ထားပြီးဖြစ်သည့် ရောဂါကာကွယ်ရေး လိုက်နာဆောင်ရွက်ရန် အချက်အလက်များပါဝင်သည့် လက်ကမ်းစာစောင်၊ ပို့စတာများအား ရယူ၍ ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်လုပ်ငန်းများသို့ ပြန်လည်ဖြန့်ဝေပေးရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် လေယာဉ်စီးခရီးသည်များမှ မြန်မာနိုင်ငံသို့ မဝင်ရောက်မီ Health Declaration Card များ ဖြည့်စွက်နိုင်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် လေကြောင်းလိုင်းများသို့ ညွှန်ကြားပေးစေလိုကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံရပ်ခြားတွင် သွားရောက် အလုပ်လုပ်ကိုင်ရာမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများ၏ ကျန်းမာရေးအခြေအနေ ထူးခြားမှုများ ရှိလာပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ အချို့တရုတ်နိုင်ငံသားများမှာ မြန်မာနိုင်ငံသို့ လာရောက်ပြီးနောက် ဟိုတယ်များတွင် တည်းခိုနေထိုင်ခြင်းမပြုဘဲ ရပ်ရွာထဲရှိ ငှားရမ်းထားသော နေအိမ်များတွင် နေထိုင်မှုများလည်း ရှိနေသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက အဆိုပါဒေသများတွင် ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးပေးစေလိုပါကြောင်း၊ လေဆိပ်များနှင့် နယ်စပ်ဝင်ပေါက် ထွက်ပေါက်များရှိ ခရီးသွားလာခြင်းဆိုင်ရာ မှတ်တမ်းများအရ တရုတ်နိုင်ငံသားများအပါအဝင် အခြားနိုင်ငံခြားသားများ ဝင်ရောက်မှုများ သိသိသာသာ လျော့နည်းသွားခြင်းများ ရှိပါကြောင်း၊ သံသယလူနာနှင့် စောင့်ကြည့်လူနာများထံမှ ဓာတ်ခွဲနမူနာများ ရယူ၍ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပို့ဆောင်ရာတွင် လေကြောင်းလိုင်းများမှ ပူးပေါင်းပါဝင် လုပ်ဆောင်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

**ညွှန်ကြားချက်ထုတ်ပြန်ပေးမည်ဆိုပါက အဆင်ပြေနိုင်**

ယင်းနောက် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များက မိမိတို့ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများအား ပြန်လည်တင်ပြခဲ့ကြရာ ပြန်ကြားရေးဝန်ကြီးဌာနမှ ကျန်းမာရေးအသိပညာပေးအစီအစဉ်အနေဖြင့် ပြည်တွင်းမီဒီယာများတွင် သတင်းနှင့် ဓာတ်ပုံထည့်သွင်းမှု အကြိမ် ၂၆၀၊ နိုင်ငံတကာမီဒီယာများတွင် သတင်းနှင့် ဓာတ်ပုံထည့်သွင်းမှု ၁၀၉ ကြိမ်၊ ဆောင်ပါး၊ ခေါင်းကြီးနှင့် ထုတ်ပြန်ချက် ၂၉ ကြိမ်၊ Inter–view လေးကြိမ်၊ ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ ကျန်းမာရေးပညာပေး TV spot ၁၇၈ ကြိမ် ထုတ်ပြန်ပြီးကြောင်း တင်ပြခဲ့ပြီး ရုပ်ရှင်ရုံများတွင် လက်ဆေးခြင်းနှင့် ပတ်သက်သည့် Video clip အား ထည့်သွင်းနိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လူစုလူဝေးပွဲလမ်းသဘင်များအတွက် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်စာတွင် ဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဟု ဖော်ပြပြီးဖြစ်သော်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့လည်း ညွှန်ကြားချက် ထုတ်ပြန်ပေးမည်ဆိုပါက ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်းဖြင့် ပြန်လည်တင်ပြ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ရုပ်ရှင်ဇာတ်ညွှန်းရေးသားနည်းသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

CTA ရုပ်ရှင်ဇာတ်ညွှန်းရေးသားနည်းသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က အမှာစကားပြောကြားပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် CTA ရုပ်ရှင်ဇာတ်ညွှန်းရေးသားနည်းသင်တန်း တည်ထောင်သူ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က နိုင်ငံတကာမှ ရုပ်ရှင်ကြည့်ပရိသတ်များနှင့် နိုင်ငံတကာဈေးကွက် ကိုက်ညီမှုရှိသည့် ရုပ်ရှင်ဇာတ်ညွှန်းများ ဖန်တီးနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းဆရာ ဦးသီဟဝင်းထိန်က ဆုများ ရွေးချယ်ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး သင်တန်းအပတ်စဉ် (၁/၂၀၁၉) နှင့် (၂/၂၀၁၉) သင်တန်းများမှ ထူးချွန်သူများကို ရွေးချယ်ကာ The Best Archetype Award နှစ်ဆု၊ The Best Hero's Journey Award နှစ်ဆုနှင့် The Best Story Award နှစ်ဆု၊ Special Award တစ်ဆု စသည့်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

CTA ရုပ်ရှင်ဇာတ်ညွှန်းရေးသားနည်းသင်တန်းကို University of South–ern Califonia မှ ဒီပလိုမာရရှိခဲ့သည့် အကယ်ဒမီဒေါ်ဆွေဇင်ထိုက်က ဦးစီး၍ ဦးရောဘတ်နှင့်အတူ သုံးလကြာ သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းထိန်(FDC)**




● *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းကို ခြေမသာသော်လည်း မိနစ် ၇၀ နောက်ပိုင်း သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်သော်လည်း ကာယာအသင်း၏ ခံစစ်ကစားပုံကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အပြင် တိုက်စစ်ဆင်မှုများမှာလည်း အမှားများနေသောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့် မရခဲ့ပေ။ အထောင်တိုက်စစ်မှူးအဖြစ် ကစားသည့် ထက်ဖြိုးဝေမှာလည်း ခြေစွမ်းမပြနိုင်၍ ရှမ်းယူနိုက်တက်အသင်း ပထမပိုင်းတွင် ဂိုးပေါက်ပျောက်ဆုံးကာ ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဖွဲ့သက်ပိုင်အစား ဇင်မင်းထွန်းကို ထည့်ကာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဂိုးသွင်းခွင့်များ ရလာခဲ့သည်။ အဘူဘာကာ၏ အနီးကပ်ကန်ချက် တိုင်ထိထွက်သွားသလို နန္ဒကျော် ထပ်ဆင့်ပိတ်သွင်းရာတွင်လည်း လွဲချော်ခဲ့၍ ရှမ်းယူနိုက်တက်နစ်နာခဲ့ရသည်။

ကစားသမားအများစု ပုံမှန်ခြေမရသည့် ရှမ်းယူနိုက်တက်အသင်းသည် မိနစ် ၇၀ နောက်ပိုင်းတွင် ကာယာအသင်း၏ သွင်းဂိုးများကို ခွင့်ပြုခဲ့ရသည်။ ၇၄ မိနစ်တွင် ပေးလိုက်ရသည့် ပယ်နယ်တီမှာ ပွဲ၏ အလှည့်အပြောင်းဖြစ်ခဲ့ပြီး ဘီဒစ်က အမှားအယွင်းမရှိ ကန်သွင်းခဲ့၍ ကာယာအသင်း အဖွင့်ဂိုးရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း အလုပ်မဖြစ်ဘဲ ၈၅ မိနစ်တွင် ဂျီဂန်တိုက ဒုတိယဂိုးသွင်းယူကာ ကာယာအသင်းကို အမှတ်ပြည့်ရစေခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုဒုတိယပွဲကို အဝေးကွင်းကစားရမည်ဖြစ်ရာ နိုင်ပွဲပြန်ရရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ ဘိုးလင်းအားကစားပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ ဘိုးလင်းအားကစား သင်တန်းသား သင်တန်းသူများ ပထမအကြိမ် ဘိုးလင်းအားကစားပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် Right Track Bowling Center ၌ ကျင်းပသည်။




ရှေးဦးစွာ တက္ကသိုလ်ပေါင်းစုံ ဘိုးလင်းအားကစား သင်တန်းသို့ ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေဝအောင်၊ တက္ကသိုလ်များမှ အားကစားမှူးများ၊ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်မှ အမှုဆောင်များက သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။**(ဝဲပုံ)**

ဆက်လက်၍ တက္ကသိုလ်ပေါင်းစုံ ဘိုးလင်းအားကစား သင်တန်းသား သင်တန်းသူများက တစ်ဦးချင်း အလွတ်တန်း ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံး ကစားသမားဆုရရှိကြသူများအား မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်များ ချီးမြှင့်သည်။

**သတင်းနှင့် ဓာတ်ပုံ– အာကာစိုး**

## ပျဉ်းမနား မူလွန်(ရွာကောက်) ဘက်စုံထူးချွန်ဆု ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ မူလွန်(ရွာကောက်)ကျောင်း၌ ဖေဖော်ဝါရီ ၁၁ ရက်က ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် ဒုတိယပညာရေးမှူး ဦးစိုးသန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချို နှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးနိုင်တို့က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ကာ အကပဒေသာများဖြင့် ဖျော်ဖြေသည်။

**ဇော်မျိုးနိုင်**



**ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက်(အရှေ့)ရှိ အလက (၄) ၌ ဖေဖော်ဝါရီ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မူခင်းရဲတပ်ဖွဲ့ ပညာပေးယာဉ်ဖြင့် ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးထွန်းမောင်နှင့် တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောစဉ်။**

ဘော်ဂါသွေး

# ကျယ်ကျန်းပြည်နယ်မှ လူများ ဂျပန်နိုင်ငံအတွင်း ဝင်ရောက်မှုကို ပိတ်ပင်သွားမည်

**တိုကျို ဖေဖော်ဝါရီ ၁၂**

တရုတ်နိုင်ငံ ကျယ်ကျန်းပြည်နယ်မှ လူများ ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်မှုကို ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်ကာ ပိတ်ပင်သွားမည်ဟု ဂျပန်အစိုးရက ပြောသည်။

တိုင်းပြည်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ရည်ရွယ်၍ ယခုလို ပြုလုပ်ရခြင်း ဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်ရေး လုပ်ငန်းအဖွဲ့နှင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် အစည်းအဝေး ပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် ယခုလို ကြေညာချက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

Diamond Princess သင်္ဘောပေါ်ရှိ ဝန်ထမ်းများ၊ ခရီးသည်များကို ရောဂါကူးစက်ခံရခြင်း ရှိ မရှိ စစ်ဆေးမှု ပြုလုပ်ခဲ့ရာ ကူးစက်ခံရသူပေါင်း ၁၇၄ ဦးအထိ ရှိလာကြောင်း သိရသည်။ တစ်နေ့လျှင် လူပေါင်း ၃၀၀ မှ ၁၀၀၀ အထိ စစ်ဆေးမှု ပြုလုပ်နိုင်ရေး လုပ်ငန်းစဉ်များ တိုးမြှင့်သွားရန် ရည်ရွယ်ထားပြီး မြူနီစီပယ်နှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဟု သိရသည်။

ရောဂါလက္ခဏာ တွေ့ရှိရသည့် လူများကို ဒေသခံအစိုးရက စစ်ဆေးပေးမှုများ ပြုလုပ်ခွင့်လည်း ပေးသွားမည်ဟု မစ္စတာအာဘေးက ဆက်လက် ပြောကြားခဲ့သည်။ တရုတ်နိုင်ငံ ကမ်းရိုးတန်းပြည်နယ်တစ်ခု ဖြစ်သည့် ကျယ်ကျန်းပြည်နယ်တွင် လူဦးရေ ၅၇ သန်းနေထိုင်သည်။

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်မှာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ၁၁၃၁ ဦးအထိ ရှိလာကြောင်း သိရသည်။ ဟူပေပြည်နယ်နှင့် စီးပွားရေးအရ ဆက်စပ်မှုများရှိနေသည့် ဝမ်ကျိုးမြို့တွင် လူပေါင်း ၄၈၁ ဦး ကူးစက်ခံထားရသည်။

တရုတ်နိုင်ငံ၏ အီလက်ထရောနစ် စီးပွားရေးလုပ်ငန်းဖြစ်သည့် အလီဘာဘာ ကုမ္ပဏီကြီးသည် ကျယ်ကျန်းပြည်နယ် ဟန်ကျိုးမြို့တွင် တည်ရှိသည်။ ဂျပန်ကုမ္ပဏီပေါင်း ၅၀၀ ခန့်မှာလည်း ကျယ်ကျန်းပြည်နယ်တွင် ကုမ္ပဏီများ ဖွင့်လှစ်ထားသည်။



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ယင်းတို့ထဲတွင် နာမည်ကျော် အီလက်ထရောနစ် ကုမ္ပဏီကြီးများ ဖြစ်သည့် ပန်နာဆိုးနစ်နှင့် တိုရှီဘာ ကုမ္ပဏီတို့လည်း ပါဝင်သည်။ လွန်ခဲ့သည့်နှစ်အတွင်း ကျယ်ကျန်းပြည်နယ်မှ ခရီးသွားပေါင်း ၆၈၅၀၀ မှာ ဂျပန်နိုင်ငံသို့ ရေလမ်းခရီးဖြင့် လာရောက်ကြကြောင်း ပြည်နယ် ခရီးသွား အာဏာပိုင်များက ပြောသည်။ ဝမ်ကျိုးမြို့တွင် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဒေသခံများကို ဈေးဝယ်ထွက်ခြင်းအပါအဝင် နေအိမ်မှ ထွက်ခွာခြင်း ကန့်သတ်ထားသည်။ တစ်အိမ်ထောင်လျှင် လူတစ်ဦးသာ နေအိမ်အပြင်သို့ ထွက်ခွင့်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဆီးရီးယားအစိုးရပိုင် ရဟတ်ယာဉ်တစ်စင်း ဒုံးကျည်ဖြင့် ပစ်ချခံရ



ရဟတ်ယာဉ်အပျက်အစီးများကို ကြည့်ရှုနေကြသည့် ဆီးရီးယားသူပုန်အဖွဲ့များကို တွေ့ရစဉ်။

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၂**

ဆီးရီးယားအစိုးရပိုင် ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရသကဲ့သို့ တူရကီဘက်ကလည်း ၎င်းတို့၏ တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရသည့်အတွက် တန်ရာတန်ကြေး ပြန်လည်ပေးဆပ်ရမည်ဟု သတိပေးထားပြီးနောက် ဖေဖော်ဝါရီ ၁၁ ရက်တွင် သူပုန်များကို ကျောထောက်နောက်ခံပေးထားသည့် တူရကီတပ်များနှင့် ဆီးရီးယားအစိုးရတို့အကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ သူပုန်များကို ချေမှုန်းနိုင်ရေး ဆီးရီးယားအစိုးရတပ်များသည် နိုင်ငံ၏ အဓိကမြို့ကြီးလေးမြို့နှင့် ဆက်သွယ်ထားသည့် လမ်းမကြီးကို ပိတ်ဆို့ထားသည်။ ဆီးရီးယားအစိုးရတပ်များ၏ လက်ချက်ဖြင့် တူရကီတပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီးနောက် ဆီးရီးယားနှင့် တူရကီတို့အကြား နောက်ထပ်တင်းမာမှု တစ်ခု ထပ်မံတိုးလာခဲ့ခြင်းဖြစ်သည်။

ဆီးရီယားသမ္မတ အာဆတ်၏ တပ်ဖွဲ့ဝင်များသည် သူပုန်များ နောက်ဆုံးထိန်းချုပ်ထားရာနေရာကို ပြန်လည်သိမ်းယူနိုင်ရေးတိုက်ပွဲများ ပြုလုပ်နေပြီး တိုက်ပွဲများကြောင့် ဒီဇင်ဘာလမှစတင်ကာ ယင်းဒေသရှိ လူပေါင်း ၇၀၀၀၀၀ မှာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ဆီးရီးယားအစိုးရပိုင် ရဟတ်ယာဉ်တစ်စင်း အီဒလစ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၁ ရက်က ပစ်ချခံခဲ့ရပြီးနောက် ရဟတ်ယာဉ်မှူးနှစ်ဦးစလုံး သေဆုံးသွားခဲ့သည်။

တူရကီက ကျောထောက်နောက်ခံပြုထားသည့် သူပုန်များထိန်းချုပ်ထားရာ အီဒလစ်ပြည်နယ်တွင်းမှ ပစ်လွှတ်လိုက်သော ဒုံးကျည်ထိမှန်ကာ ရဟတ်ယာဉ် ပျက်ကျရခြင်းဖြစ်သည်ဟု ဆီးရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီကပြောသည်။ ဗြိတိန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုကမူ အဆိုပါရဟတ်ယာဉ်သည် တူရကီတပ်ဖွဲ့ဝင်များ ပစ်ခတ်လိုက်သည့် ဒုံးကျည်ထိမှန်ခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။ တူရကီဘက်ကမူ ပြန်လည်တုံ့ပြန်ပြောကြားခဲ့ခြင်း မရှိပေ။

**အေအက်ဖ်ပီ**

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အိန္ဒိယသို့ အလည်အပတ်ခရီး သွားရောက်မည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၂**

ယခုလနှောင်းပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဇနီးဖြစ်သူ မယ်လာနီယာထရမ့်တို့သည် အိန္ဒိယသို့ အလည်အပတ်လာရောက်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်မိကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်နှင့် ဇနီးဖြစ်သူတို့သည် အိန္ဒိယသို့ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် လာရောက်မည်ဖြစ်ပြီး ယခုခရီးစဉ်သည် အရေးကြီးသည့် ခရီးစဉ်တစ်ခုဖြစ်ကာ အိန္ဒိယနှင့် အမေရိကန်တို့၏ ရင်းနှီးမှု ခိုင်မာစေရေးအတွက်လည်း အရေးပါသည်ဟု အိန္ဒိယဝန်ကြီးချုပ် မိုဒီက ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင်ရေးသားခဲ့သည်။

ယခုခရီးစဉ်သည် အမေရိကန်သမ္မတ ထရမ့်အတွက် ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယသို့ သွားရောက်သည့် ခရီးစဉ်ဖြစ်သည်။ အမေရိကန်သမ္မတ၏ အိန္ဒိယခရီးစဉ်သည် အမေရိကန်နှင့် အိန္ဒိယတို့၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည်ဟု အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အိန္ဒိယခရီးစဉ်အတွင်း အမေရိကန်သမ္မတနှင့် သမ္မတကတော်တို့သည် နယူးဒေလီ ဂူဂျာရက်ပြည်နယ်ရှိအာမက်ဒါဘတ်မြို့တို့တွင် ပြုလုပ်သည့် ပွဲများကို တက်ရောက် သွားမည်ဟုလည်း အိန္ဒိယနိုင်ငံခြား ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## အိန္ဒိယ အာဏာရပါတီ အဓိကပြည်နယ် ရွေးကောက်ပွဲတွင် ရှုံးနိမ့်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၂**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ဦးဆောင်သည့် အာဏာရပါတီသည် အဓိကကျသည့် ပြည်နယ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်မှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဥပဒေပြုလွှတ်တော် အမတ်ရွေးကောက်ပွဲကို နယူးဒေလီမြို့၌ ဖေဖော်ဝါရီ ၈ ရက်က ကျင်းပခဲ့ရာ မဲရလဒ်များကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ကြေညာခဲ့သည်။

အမတ်နေရာ ၇၀ တွင် Aam Aadmi ပါတီ က ၆၂ နေရာ အနိုင်ရရှိသွားခဲ့ပြီး မိုဒီဦးဆောင်သည့် ဘီဂျေပီပါတီသည် နေရာ ၈ နေရာကိုသာ ကာကွယ်နိုင်ခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီ ဝန်ကြီးချုပ်မိုဒီနှင့် ဘီဂျေပီပါတီမှ အခြားသောခေါင်းဆောင်များသည် မဲဆွယ်လှုပ်ရှားမှုများ အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြသော်လည်း ယခုလိုရလဒ်နှင့်သာ အဆုံးသတ်ခဲ့ရသည်။

ပြီးခဲ့သည့်နှစ် မေလအတွင်းက ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် ဘီဂျေပီပါတီက သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ တိုင်းပြည်၏ စီးပွားရေးမှာ ကျဆင်းစပြုလာပြီး တိုင်းပြည်နေရာအနှံ့အပြားတွင် မိုဒီဦးဆောင်သည့် အစိုးရကို ဝေဖန်မှုများ ပျံ့နှံ့လာခဲ့သည်။

လူနည်းစုမူဆလင်များကို ဟိန္ဒူအမျိုးသားရေးပါတီက ခွဲခြားဆက်ဆံရေး မူဝါဒများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲမှုများ ပျံ့နှံ့လာသည်။ ယင်းအကြောင်းအရင်းကြောင့် ပြည်နယ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ရခြင်းဖြစ်သည်ဟု ဒေသတွင်း မီဒီယာများ၌ ဖော်ပြကြသည်။

**အင်န်အိတ်ချ်ကေ**

# အာဖရိကတိုက်တွင် အကြမ်းဖက်မှုကို တိုက်ဖျက်ရန် ပူးပေါင်းတပ်ဖွဲ့ တည်ထောင်ရေး အီဂျစ် အဆိုပြု

**ကိုင်ရို ဖေဖော်ဝါရီ ၁၂**

အာဖရိကတိုက်တွင် အကြမ်းဖက်တိုက်ခိုက်မှုကို တိုက်ဖျက်ရန်အတွက် အာဖရိက ပူးပေါင်းတပ်ဖွဲ့တည်ထောင်ရေး အထူးထိပ်သီးအစည်းအဝေး ကျင်းပရာတွင် အိမ်ရှင်အဖြစ် လက်ခံပေးရန် အဆင်သင့်ဖြစ်နေပြီဟု အီဂျစ်သမ္မတအဗ္ဗဒယ်ဖက်တာ အယ်စီစီက ပြောကြားခဲ့သည်။

(၃၃)ကြိမ်မြောက် အာဖရိကသမဂ္ဂ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အီဂျစ်သမ္မတက မိန့်ခွန်းပြောကြားခဲ့သည်။ ပိတ်ပွဲအခမ်းအနားတွင် အာဖရိက ခေါင်းဆောင်များက အကြမ်းဖက်မှုကို တိုက်ဖျက်ရန် အာဖရိကပူးပေါင်းတပ်ဖွဲ့ ထူထောင်ရေး ဆွေးနွေးမှုများ ပြုလုပ်ရန် အထူးအစည်းအဝေးကျင်းပသင့်သည်ဟု အဆိုပြုခဲ့ကြသည်။

ပူးပေါင်း တပ်ဖွဲ့ထူထောင်ခြင်းသည် အာဖရိကတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရရှိရန် အရေးကြီးသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရာတွင် အိမ်ရှင်အဖြစ်လက်ခံပေးရန် အီဂျစ်နိုင်ငံက အဆင်သင့်ဖြစ်နေပြီဟုလည်း သမ္မတစီစီကပြောကြားခဲ့သည်။ ပူးပေါင်း တပ်ဖွဲ့တည်ထောင်ရမည့် အဓိကရည်ရွယ်ချက်သုံးခုရှိပြီး ပထမဆုံးအချက်မှာ အချို့သော အာဖရိကနိုင်ငံများတွင် ပြည်တွင်းစစ်ပွဲများကြောင့် အကြမ်းဖက်မှုကို နှိမ်နင်းရန် တပ်ဖွဲ့ဝင် အလုံအလောက် မရှိကြခြင်းကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ အာဖရိကနိုင်ငံများ၏ နယ်စပ်များတွင် ကင်းလှည့် ဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက် တိုက်ခိုက်မှုများကို နှိမ်နင်းနိုင်မည်ဖြစ်ပြီး တတိယအချက်မှာ အာဖရိကနိုင်ငံများတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးလာစေရန် တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှု ရရှိရန်လိုသည့်အတွက်ကြောင့်ဖြစ်သည်။



(၃၃) ကြိမ်မြောက် အာဖရိကသမဂ္ဂထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံခေါင်းဆောင်များကို တွေ့ရစဉ်။

**ဆင်ဟွာ**

# ဝိဇယပူရ (ပင်းယ)

## Wizarapura Pinya

Thiha, the Traveller @ သီဟလုလင်

*(ယခင်အပတ်မှအဆက်)*

ဂူကြီးသုံးလုံးဟာ ထုထည်ကြီးမားကြပြီး ပုံစံလည်း တူပါတယ်။ တစ်ဂူနဲ့ တစ်ဂူကို ပေ ၁၂၀ အကွာမှာ တောင်မြောက်တန်းပြီး တည်ဆောက်ထားပါတယ်။ အလယ်ဂူကတော့ အကြီးဆုံးပါ။ ဘေးနှစ်ဂူမှာက လိုဏ်ဂူပတ်လမ်းတွေပါပြီး ဂူပေါ်တက်ဖို့ လှေကားတွေ ပါပါတယ်။ အခုအခါမှာတော့ တက်ဖို့ကို မတက်ကြဖို့ သတိပေးစာများ ကပ်ထားတာလည်း တွေ့ခဲ့ရပါတယ်။ လေးဘက်မုခ်ရှိကြပြီး မုခ်တိုင်းမှာ ဘုရားဆင်းတုတစ်ဆူစီ ရှိကြပါတယ်။ နံရံဆေးရေး ပန်းချီတွေ ရှိခဲ့တယ်လို့ဆိုပေမယ့် အထောက်အထားက အတော်ရှာရမယ့်ပုံ တစ်ခုတလေ တောင် ရေးရေး ကျွန်တော်မတွေ့မိ။ (စဥ့်ခွက်) စဥ့်ကွင်းအရပ်တွေတော့ နည်းနည်းပါးပါး ကျန်ရစ်နေတုန်းပဲ။ ဒါတောင် ပုံကဘာပုံမှန်း မှန်းဆရခက်နေပြီ။ ဓာတ်ပုံရိုက်ဖို့တော့ အတော်လှတဲ့နေရာတစ်ခု ဖြစ်ပါတယ်။

### ပင်းယနန်းတော်ရာ

အတော်ကို ရှာရပါတယ်။ ရွာဥက္ကဋ္ဌအိမ် ပါရောက်ပြီး မေးခဲ့ရတာ အမှတ်တရပါပဲ။ ဂူကြီးသုံးလုံးကို မြောက်ဘက် နဂါးမောက်စိုက်ကွင်းဘေးက လှည်းလမ်းလေးအတိုင်း တစ်ဖာလုံလောက်လျှောက်မှ တွေ့ရပါတယ်။ အရင်ဆုံးတွေ့ရတာက ဘုရားပြိုကျနေပြီး ကုန်းလို ဖြစ်နေတဲ့တစ်ဆူပါ။ ဘေးက လမ်းလေးအတိုင်း ဆက်လျှောက်ရင်



ရှေးဟောင်းဂူဘုရား



အမိုးဖွင့်ထားသော ရှေးဟောင်းဘုရား(အလယ်ဂူ)

နန်းတော်ရာရှိကြောင်း မှတ်တမ်းတင် စိုက်ထူထားတဲ့ မှတ်တိုင်ပဲ ရှိပါတော့တယ်။ ဘယ်နားမှာ ဘာရှိနိုင်မလဲ ကျွန်တော်လည်း အနီးဝန်းကျင် လိုက်ကြည့်ပေမယ့် စိုက်ခင်းတွေပဲ တွေ့ပြီး မှန်းဆရခက်ခဲပါတယ်။ ရှေးဟောင်းသုတေသနအဖွဲ့ကတော့ ပင်းယနန်းတော်ရာကို ၁၉၉၄ ခုနှစ်က နှစ်လတာ တူးဖော်မှတ်တမ်းတင်ခဲ့တယ်လို့ မှတ်တိုင်မှာ စာထိုးထားပါတယ်။ နန်းတော်ကြီးဟာ ဧရိယာစတုရန်းပေ ၁၂၀၀၀၀ ကျော် ကျယ်ပြန့်ကြီးမားတယ် ဆိုပါတယ်။ ရှေးမြန်မာမင်းတွေ တည်ဆောက်တဲ့အတိုင်း အဆောင်များစွာကို စမုခ်ဆောင် စနုဆောင်တို့နဲ့ ပေါင်းကူးဆက်စပ်ထားပြီး အဆောင် ၁၀ ဆောင်မက ပါဝင်နိုင်တယ်လို့ ဆိုပါတယ်။ မီးလောင်ပျက်စီးခဲ့ကြောင်း သိရပါတယ်။

### နန်းဦးစေတီ

နောက်မှ သိရတာက နန်းတော်ရာမှတ်တိုင်ရဲ့ဘေးက ဘုရားပြိုလေးတစ်ဆူဟာ နန်းဦးစေတီပါတဲ့။ နန်းဦးစေတီရဲ့ မူလပုံစံကို ခန့်မှန်းမရလောက်အောင် ဖြစ်နေပါပြီ။

### ရတနာမြစည်းခုံစေတီ

ပင်းယမှာ ရတနာမြစည်းခုံ နာမည်တူ နှစ်ခုရှိပါတယ်။ နောက်တစ်ခုက ပဥ္စမာလိန္ဒ ရတနာမြစည်းခုံပါ။ ကျွန်တော် ရှာမရခဲ့ဘူး။ အခု ရတနာမြစည်းခုံစေတီကတော့ တံတားဦးဘူတာသွားတဲ့ လမ်းကနေ ဒေသခံတွေကို အနည်းငယ် မေးမြန်းသွားခဲ့ရပါတယ်။ စေတီကြီးက သဲကျောက်တွေနဲ့ တည်ဆောက်ထားပုံရတယ်။ ပွဲကျနေတဲ့ နေရာတွေမှာ သဲတွေဖြစ်နေတာ သတိထားမိလို့ပါ။ အဝင်က ဘုန်းကြီးကျောင်းလေးဆီ တက်တဲ့ လှေကားလေးကတော့ ဓာတ်ပုံရိုက်ချင်စရာလေး ဖြစ်ပါတယ်။

### ရန်အောင်မြင်စေတီ

တံတားဦးမြို့ သဲမောင်းကန်ရွာမှာ ရှိပါတယ်။ ပင်းယခေတ်မှာ တည်ဆောက်ထားလို့များ ပင်းယထဲ ထည့်ထားသလား ထင်မိပါတယ်။ အတော်ဝေးဝေး သွားရသလိုပါပဲ။ လေဆိပ်သွားတဲ့လမ်းကနေ အမြန်လမ်းကို အနောက်လမ်းအတိုင်း ဆက်သွားရတာပါ။ အင်းဝဘုရင် မင်းခေါင်ကြီးက ရန်အောင်မြင်အရပ်မှာ စည်းခုံကြီး တည်ထားပြီး ရန်အောင်မြင်စည်းခုံကြီးလို့ ခေါ်စေတယ်လို့ မှတ်သားရပါတယ်။ တချို့အထောက်အထားတွေအရလည်း မင်းခေါင်ကြီးက ပြန်ပြုပြင်သူဖြစ်ပြီး အနော်ရထာမင်းစော (အနိရုဒ္ဓမင်း)က စတင်တည်ခဲ့တာလို့ ဆိုပါသေးတယ်။

### ပင်းယအောင်စည်းခုံစေတီ

အောင်စည်းခုံစေတီကတော့ မင်းကြီးစွာစော်ကဲ တည်ခဲ့တာပါ။ စကားအင်းရွာမှာပဲ တည်ရှိတာမို့ စကားအင်းအနီးအနား ပတ်ပြီး ဘုရားဖူးနိုင်ပါတယ်။ ဘုရားပေါ်တက်ပြီး လမ်းပတ်လျှောက် ရှုခင်းကြည့်ရတာလည်း အတော်လှပါတယ်။ စဥ့်ကွင်းတွေလည်းရှိပြီး ခုတော့ အနည်းငယ် ကျန်ရှိပါတော့တယ်။

### စကားအင်းရွာ

ပင်းယကို လည်ပြီဆိုရင် မဖြစ်မနေ ဖြတ်သွားကြရမယ့် ဒီစကားအင်းရွာလေးကိုလည်း လည်ပတ်လေ့လာသင့်ပါတယ်။ ကျွန်တော်ဆို ရွာလယ်က ရေကန်နား အကြော်ဆိုင်လေး ထိုင်စားရင်း ရွာဓလေ့ကို လေ့လာခဲ့သေးတယ်။ လှည်းတွေနဲ့ အခုထိ ခရီးသွားလာနေဆဲ၊ မန္တလေးနဲ့ ဒီလောက်နီးနေတာတောင် သီးသန့်အရပ်တစ်ခုလို ရိုးရှင်းနေတာလေး သဘောကျမိနေတယ်။

### မဟာမင်္ဂလာစေတီ

တံတားဦးမြို့ထဲမှာရှိတဲ့ မဟာမင်္ဂလာစေတီဟာ ပင်းယ နဲ့ အင်းဝနေပြည်တော်နှစ်ခုရဲ့ အလယ်ဗဟိုချက်လို့ ဆိုပါတယ်။ ဒုတိယမင်းခေါင်က မြန်မာသက္ကရာဇ် ၈၄၂ ခု နန်းတက်တဲ့နှစ်မှာပဲ တည်ခဲ့တာပါ။ အတွင်းထဲမှာ လေ့လာစရာ ဟိုးခေတ်က ပန်းချီလက်ရာတွေနဲ့ ပန်းပုလက်ရာလေးတွေ ရှိပါတယ်။ ကျောက်စာတိုင်ကျောင်း ဆရာတော် ဦးအာစိဏ္ဏ ရေးဆွဲထားတဲ့ ပန်းချီကားတွေနဲ့ ရုပ်လုံးပေါ်ဇာတ်တော်တွေက စိတ်ဝင်စားစရာပါ။

ပင်းယဟာ သူ့နောက်မှ ဖြစ်တည်လာတဲ့ အင်းဝလောက် လည်ပတ်စရာ မများတဲ့တိုင် ခရီးသွားတွေအတွက် လေ့လာမှတ်သားစရာတွေ အများကြီးကျန်နေသေးတဲ့ လည်ပတ်စရာအရပ်ပါ။ ဒီထက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်သေးတဲ့ အရပ်လည်း ဖြစ်ပါတယ်။ ဘုရားပုထိုး ပြိုပျက်နေတာတွေလည်း ကျန်နေသေးသလို ဗမာဆန်တဲ့ အညာဟန်ကိုလည်း တွေ့မြင်နေဆဲ အရပ်တစ်ခုပါ။ ဒီထက်ပိုပြီး အနီးဝန်းကျင်ရွာတွေက လေ့လာစရာတွေ၊ ဒေသတွင်းလုပ်ငန်းတွေ ဖော်ထုတ်နိုင်မယ်ဆိုရင် ပိုပြီးလည်ပျော်မယ့် အရပ်ဆိုတာ မလွဲပါဘူးခင်ဗျာ။

အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံ ကျန်းမာပြည့်စုံပျော်ရွှင်စွာ ခရီးသွားနိုင်ကြပါစေ။ ။



ရွှေစည်းခုံစေတီပေါ်က တွေ့မြင်ရသည့် ရှုခင်း



စကားအင်းရွာဓလေ့ လှည်းဖြင့်သွားလာမှု

# ရန်ကုန်မြို့တွင် အော်ဂဲနစ်ဟင်းသီးဟင်းရွက်ဈေးများ တိုးချဲ့ဖွင့်လှစ်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်မြို့ရှိ အော်ဂဲနစ်ဈေးများကို စားသုံးသူများက ပိုမိုယုံကြည် စိတ်ချစွာ ဝယ်ယူလာကြသဖြင့် မြို့နယ်များတွင် အော်ဂဲနစ်နှင့် ဓာတုဘေးအန္တရာယ်ကင်းဈေးများ ပိုမိုဖွင့်လှစ်သွားရန် စီစဉ်နေကြောင်း ဖွင့်လှစ်ရောင်းချသူများထံမှ သိရသည်။

"အခုက အော်ဂဲနစ်လက်မှတ်ရ၊ ဓာတုလွတ်၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနည်းစနစ်လက်မှတ်ရရပါမယ်။ သဘာဝဟင်းသီးဟင်းရွက်တွေကို စားသုံးသူတွေနဲ့ တိုက်ရိုက်ထိတွေ့ရောင်းချနိုင်ဖို့၊ မြို့နယ်တိုင်းမှာ ဖော်ဆောင်ပေးဖို့ ကြိုးစားရင်းနဲ့ အခု ဆူးလေမှာ Consumer Green Market (1) ဖွင့်လှစ်ထားပါတယ်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေ၊ သဘာဝဓာတ်စာတွေကို သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်ကစပြီး မနက် ၇ နာရီကနေ နေ့လယ်အထိ သောကြာနေ့တိုင်း ရောင်းချပေးပါတယ်။ ဒုတိယဈေးက တောင်ဥက္ကလာ (၁၀) ရပ်ကွက် သုမင်္ဂလာလမ်း ပန်းခြံရှေ့မှာ စနေနေ့ မနက်တိုင်း ဆိုင်ခန်း ၃၀ ကျော်က ရောင်းချပေးနေပါတယ်။ နောက်ထပ် Consumer Green Market (2) နဲ့ (3)ကို လှိုင်မြို့နယ်နဲ့ တခြားမြို့နယ်တွေမှာ သက်ဆိုင်ရာနဲ့ညှိနှိုင်းပြီး ဆက်လက်ဖွင့်လှစ်သွားမှာပါ။ အခု မဟာဗန္ဓုလပန်းခြံလမ်းမှာ ရှမ်းပြည်နယ် ကလောကလာတဲ့ အော်ဂဲနစ်ဟင်းသီးဟင်းရွက်ဆိုင် အပါအဝင် ဆိုင်ခန်း ၂၀ ကျော်ရှိပါတယ်" ဟု မဟာဗန္ဓုလပန်းခြံလမ်းမှ Consumer Green Market ဈေးတာဝန်ခံ ဒေါ်စိုးကလျာထိုက်က ပြောသည်။



နိုင်ငံခြားသား ခရီးသွားတစ်ဦး မဟာဗန္ဓုလပန်းခြံလမ်းရှိ Consumer Green Market (1) သောကြာနေ့ဈေးတွင် သဘာဝဆေးဆပ်ပြာခဲ ဝယ်ယူအားပေးနေစဉ်။

အလားတူ အော်ဂဲနစ်၊ ဓာတုကင်းလွတ်၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနည်းစနစ် အသိအမှတ်ပြုလက်မှတ်ရ စိုက်ပျိုးထုတ်လုပ် တိုက်ရိုက်ရောင်းချသည့် ဈေးများကို ဗုဒ္ဓဟူးနေ့တိုင်း ကြို့ကုန်းစိုက်ပျိုးရေး ဦးစီးဌာန ဆိုင်ခန်း ၃၀ ဖြင့် လည်းကောင်း၊ ကန်တော်ကြီးပန်းခြံရှိ မြေပဒေသာကျွန်းတွင် ဆိုင်ခန်း ၂၅ ခန်းကျော်နှင့် Farmer Market များတွင် စနေနှင့် တနင်္ဂနွေနေ့တိုင်း သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ သဘာဝကြက်ဥ၊ ကျန်းမာရေး ဖြည့်စွက်စာများ၊ ဓာတ်စာများကို စိုက်ပျိုးထုတ်လုပ်သူများကိုယ်တိုင် လာရောက်ရောင်းချလျက်ရှိသည်။

"စားသုံးသူကာကွယ်ရေး အသင်းက ပထမဆုံး အင်းစိန် ကြို့ကုန်းမှာ စပြီး ရောင်းတာပါ။ လက်မှတ်သုံးမျိုးမှာ ကျွန်တော်တို့က အော်ဂဲနစ်လက်မှတ် ထုတ်ပေးထားတယ်။ တစ်နှစ် တစ်ခါစစ်ဆေးပြီး ပြန်ထုတ်ပေးပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနည်းစနစ်လက်မှတ်က စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးပါတယ်။ ကျွန်တော်တို့က ပြည်တွင်း ဈေးကွက်အတွက် အဓိကထားပါတယ်။ နိုင်ငံတကာ အသိအမှတ်ပြု ဈေးကွက်တစ်ခုအထိ ဆွဲတင်ဖို့ ကြိုးပမ်းနေပါတယ်။ ထိုင်းနိုင်ငံက ကုမ္ပဏီတစ်ခုက နည်းပညာပေးမယ်၊ ဈေးကွက်ဖော်ဆောင်ဖို့ ကမ်းလှမ်းတာတော့ ရှိပါတယ်။ ကျွန်တော်တို့က စဉ်းစားနေပါတယ်" ဟု MFVP ၏ ဗဟိုအလုပ်အမှုဆောင် ကန်တော်ကြီး မြေပဒေသာကျွန်းမှ စနေ၊ တနင်္ဂနွေ အော်ဂဲနစ်ဈေးတာဝန်ခံ ဦးတင်အောင်က ပြောသည်။

မြေပဒေသာကျွန်းတွင် ဟင်းသီးဟင်းရွက်များအပြင် သဘာဝမွေးကြက်ဥ၊ လက်ဖက်၊ လက်ဖက်ခြောက်၊ ဆံပဲဆီ၊ ကော်ဖီ၊ သကြားအစားထိုး ထန်းလျက်မှုန့်နှင့် တိုင်းရင်းဆေး ဖြည့်စွက်စာများဖြစ်သည့် ရဲယိုသီးချက်ဆေး၊ ချဉ်စော်ကားသီးဖျော်ရည်၊ နနွင်းဆေးလုံး၊ အောင်မဲညိုရွက်နှင့် ဆေးဖက်ဝင်စားဖွယ်များကို နံနက် ၅ နာရီမှ နေ့လယ်အထိ စနေ၊ တနင်္ဂနွေနေ့တိုင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# မြင်းမူ၌ လောင်စာဆီများကို ပီပါထဲထည့်၍ ကားများဖြင့် သယ်ဆောင်နေ

**မြင်းမူ ဖေဖော်ဝါရီ ၁၂**

မြင်းမူမြို့ အာသောကရပ်ကွက်အတွင်းရှိ မြင်းမူ-လက္ကပင်တာပေါင်လမ်းအတိုင်း မြစ်ပေါက်ဆိပ်ကမ်းမှ လောင်စာဆီများသယ်ဆောင်ရာတွင် ဘောက်ဆာယာဉ်ဖြင့်သာ သယ်ယူရန် မြို့နယ်တာဝန်ရှိသူများက ပြောကြားထားသော်လည်း ကုမ္ပဏီတချို့က လိုက်နာမှုမရှိဘဲ ပီပါထဲဆီထည့်၍ ကားများဖြင့် သယ်ယူနေသည်။ အဆိုပါလမ်းတစ်လျှောက်တွင် ချိုင့်ခွက်များ လမ်းမျက်နှာပြင် အနိမ့်အမြင့်မညီခြင်းကြောင့် ပီပါတစ်လုံးနဲ့တစ်လုံး ပွတ်တိုက် လှုပ်ယမ်းခါခြင်း၊ လမ်းကျဉ်းသဖြင့် နှစ်စီးမရှောင်သာခြင်း၊ လူနေအိမ်များဖြင့် ကပ်လျက်ရှိသောကြောင့် ဆီများဖိတ်ကာ မီးဘေးအန္တရာယ်စိုးရိမ်ရသည်။ မြစ်ပေါက်၊ ရွာသာလေးရွာတို့မှ မြင်းမူ အ ထ က (၁/၂)နှင့် ကိုယ်ပိုင်ကျောင်းများသို့ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဈေးဝယ်လိုက်သူများ၏ စက်ဘီး၊ ဆိုင်ကယ်များဖြင့် ရှောင်တိမ်းရာတွင် ဆီကားများ အရှိန်လျှော့မောင်းသင့်ကြောင်း ပတ်ဝန်းကျင်နေသူများက ပြောသည်။

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က မြင်းမူ-လက္ကပင်တာပေါင်ကွေ့အနီး ဆီပီပါတွေတင်လာတဲ့ ကားထိုးကျခဲ့တာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက မီးသတ်ဌာနကို ဖုန်းဆက်ပြောလို့ မီးသတ်ကားနဲ့ မီးသတ်တပ်ဖွဲ့ရောက်လာပြီး ရေပိုက်တွေနဲ့ ဖျန်းပက်ခဲ့ရတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေက တိုင်တွေနဲ့ ကားကို ဒေါက်ထောက်ထားလို့ ဘာမှမဖြစ်ခဲ့တာပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့က မြစ်ပေါက် အနောက်ကနေ မုံရွာ-မန္တလေးလမ်းပေါ်ထွက်မယ့်လမ်းရှာခဲ့တယ်လို့ သိရပါတယ်။ အဲဒီလမ်းကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။ ဒါမှ မြို့တွင်းကနေ ဆီကားတွေ မဖြတ်တော့ မီးဘေးအန္တရာယ်ကင်းဝေးနိုင်မှာဖြစ်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ ၀၇၇

# သတိပေးနှိုးဆော်ချက်

၁။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်သော (၂၄)နှစ်မြောက် ဘဏ်မွေး နေ့အထိမ်းအမှတ်အဖြစ် SME Development Bank Mini Marathon (2020) ပြိုင်ပွဲအား နံနက် (၀၅:၀၀) အချိန်မှစ၍ သုဝဏ္ဏဘောလုံးအားကစား ကွင်းရှေ့မှ စတင်တာလွှတ်မည်ဖြစ်ပါသဖြင့် ပြိုင်ပွဲပြီးဆုံးသည်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ဝေဇယန္တာလမ်းအတိုင်း သုဝဏ္ဏကွင်းရှေ့မှ အုတ်ပုံဆိပ် လမ်းဆုံအထိ၊
(ခ) သံသုမာလမ်းအတိုင်း ပါရမီလမ်းမှ အုတ်ပုံဆိပ်လမ်းဆုံ အထိ၊
(ဂ) ပါရမီလမ်းအတိုင်း ဝေဇယန္တာလမ်းမှ သံသုမာလမ်းဆုံအထိ၊
(ဃ) ဂန္ဓမာလမ်းအတိုင်း ဝေဇယန္တာလမ်းမှ သံသုမာလမ်းဆုံ အထိ၊
(င) အုတ်ပုံဆိပ်လမ်းအတိုင်း ဝေဇယန္တာလမ်းမှ သံသုမာ လမ်းဆုံအထိ၊

၂။ သို့ဖြစ်၍ အားကစားသမားများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်များမှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအား ချိုးဖောက်ပြီး စည်းကမ်းမဲ့စွာ မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှုများ၊ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
၂။ သို့ဖြစ်၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်သော မော်တော်ယာဉ်များအား စည်းကမ်းလိုက်နာစေရေးအတွက် Control Center မှ ကင်မရာများဖြင့် စောင့်ကြည့်မှတ်တမ်းတင်ပြီး မော်တော်ယာဉ်ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၁၀/၈၇၅ | ကျပ် | ၈၆၀/၈၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၈၇၅/၈၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၈၀ | ကျပ် | ၇၉၀/၈၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၀ | ကျပ် | ၈၉၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၁ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၃ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၆ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၇၃ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၁ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၄ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၈ . ၁၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၆၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၀ . ၉၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၄၅၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၇၇၈ | ၂၀၄၄၇၀၀၀ |
| MTSH | ၄၁၀၀ | ၄၀၀၀ | ၃၀၂၅ | ၁၂၁၀၀၆၀၀ |
| MCB | ၈၄၀၀ | ၈၂၀၀ | ၂ | ၁၆၆၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၆၀၆ | ၁၃၉၃၈၀၀၀ |
| TMH | ၂၉၀၀ | ၂၈၅၀ | ၄၀၀၈ | ၁၁၆၂၃၀၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မပြတ်တိုးတက် စဉ်အဆက် တွဲလက်ညီညာ အင်ဂျင်နီယာ

သိပ္ပံစာရေးဆရာကိုကိုအောင်



**ကမ္ဘာ့ အင်ဂျင်နီယာနေ့၊ ဆောင်ပုဒ်နှင့် လိုဂို**

၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သည့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့အစည်း–ယူနက်စကို(United Nations Education, Science & Culture Organization–UNESCO)၏ အကြိမ်(၄၀)မြောက် အထွေထွေညီလာခံကြီးက နှစ်စဉ် မတ်လ ၄ ရက်ကို ကမ္ဘာ့ အင်ဂျင်နီယာနေ့ (World Engineering Day) အဖြစ် သတ်မှတ်အတည်ပြုပေးခဲ့သည်။

ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်(World Federation of Engineering Organization–WFEO)ကို စတင် တည်ထောင်ခဲ့သည့် မတ်လ ၄ ရက်ကို ကမ္ဘာ့အင်ဂျင်နီယာနေ့ အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ယူနက်စကိုသို့ တင်ပြအဆိုပြုခဲ့ရာ ယူနက်စကိုက ယခုကဲ့သို့ သတ်မှတ် အတည်ပြုပေးခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာ့ အင်ဂျင်နီယာအဖွဲ့ချုပ်၏ အဆိုပြုချက်အပေါ် ယူနက်စကိုက သတ်မှတ်အတည်ပြုပေးခဲ့ရာတွင် "World Engineering Day for Sutainable Development" ဟု ဆောင်ပုဒ် ချမှတ်ပေးခဲ့သည်။ အဆိုပါဆောင်ပုဒ်ကို ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆိုရာတွင် မူရင်းဆိုလိုချက်၏ အနှစ်သာရ မပျက်စေဘဲ မြန်မာအင်ဂျင်နီယာတို့၏ စိတ်ထဲ၌ လွယ်လင့်တကူဖြင့် စွဲမှတ်နိုင်စေရန်အလို့ငှာ "မပြတ်တိုးတက် စဉ်အဆက်... တွဲလက်ညီညာ အင်ဂျင်နီယာ"ဟု ဂုဏ်ပြုဖော်ပြအပ်ပါသည်။

ယခု ၂၀၂၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများ၌ နှစ်စဉ် မတ်လ ၄ ရက်တွင် ကမ္ဘာ့ အင်ဂျင်နီယာနေ့ အခမ်းအနားများကို သိုက်သိုက်ဝန်းဝန်း ကျင်းပကြတော့မည်ဖြစ်သည်။ ကမ္ဘာ့ အင်ဂျင်နီယာနေ့ အထိမ်းအမှတ် Logo တွင် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များအဖြစ် ကဏ္ဍ တစ်ခုချင်းစီအတွက် ခွဲခြားသတ်မှတ်ထားသော အရောင် ၁၇ ရောင် ပါဝင်ကာ အဆိုပါ အရောင် ၁၇ ရောင်ပါ အကွက်ကလေးများဖြင့် စုပေါင်းထားသောစက်ဝိုင်း၏ စက်ဝန်းမျဉ်း တစ်ဝက်ပေါ်တွင် ပင်နယံဖြင့် ရစ်ပတ်ထားသည်။

ကမ္ဘာ့အင်ဂျင်နီယာနေ့ အထိမ်းအမှတ်လိုဂို အလယ်ရှိ အကွက်လေးကွက်တွင် ရေအရင်းအမြစ်၊ စွမ်းအင်၊ အခြေခံ အဆောက်အအုံနှင့် တီထွင်ဆန်းစစ်မှုတို့ကို ကိုယ်စားပြုသော အရောင်လေးမျိုးကို ခြယ်သထားသည်။ အဆိုပါ ကဏ္ဍကြီးလေးရပ်အတွက် အင်ဂျင်နီယာ အများအပြားကို လိုအပ်သလို အင်ဂျင်နီယာ ပညာရေးဆိုင်ရာ ရည်မှန်းချက်အတွက်လည်း ကျွမ်းကျင်သော အင်ဂျင်နီယာများကို ယခုထက်ပို၍ လိုအပ်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်ဂျင်နီယာပညာရေးသည် အလွန်အရေးကြီးသော မဏ္ဍိုင်ကြီးပင်ဖြစ်သည်။

ကမ္ဘာ့အင်ဂျင်နီယာနေ့ အထိမ်းအမှတ် လိုဂိုအဖြစ် ရေးဆွဲထားသော အရောင် ၁၇ မျိုး ခြယ်သထားသည့် အကွက် ၁၇ ကွက်ပါ ကမ္ဘာလုံးပုံသည် လူသားတိုင်းအတွက် အရေးကြီးသော ကမ္ဘာလုံးဆိုင်ရာ နေ့တစ်နေ့အဖြစ် ရည်ညွှန်းထားခြင်းဖြစ်သည်။ ကမ္ဘာလုံးကို ရစ်ပတ်ထားသည့် ပင်နယံသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်နီယာနယ်ပယ်၏ အရေးပါမှုနှင့်အတူ မောင်းနှင်အားကို ရည်ညွှန်းထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် စည်းမျဉ်းကြပ်မတ်ရေး ဦးသျှောင်အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ဦးဆောင်ဦးရွက်ပြုမှုနှင့် အင်ဂျင်နီယာတို့၏ အသင်းအဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ လှုပ်ရှားဆောင်ရွက်မှုတို့ဖြင့် မြန်မာ့အင်ဂျင်နီယာလောကကို ထိန်းသိမ်းစောင့်ရှောက်ပေးလျက် ရှိနေသည်။

**အင်ဂျင်နီယာကောင်စီ ဥပဒေ**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေပါ ရည်ရွယ်ချက်များဖြစ်သော–

(က) အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား မှတ်ပုံတင် အင်ဂျင်နီယာ၊ မှတ်ပုံတင် ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) အင်ဂျင်နီယာ နည်းပညာများနှင့် သတင်းအချက်အလက် နည်းပညာများကို ပေါင်းစပ် အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချစေနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊

(ဂ) အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှု လုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရန်၊ နည်းစနစ် မှန်ကန်ရန်၊ ဘေးအန္တရာယ် ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန် စသည့် လိုအပ်ချက်များ ပြည့်စုံရန်နှင့် စည်းကမ်းစနစ်ကျစေရန်အတွက် လမ်းညွှန် ကြီးကြပ် ထိန်းသိမ်းပေးမှုများကိုလည်းကောင်း၊ လိုအပ်သော အရေးယူမှုများကိုလည်းကောင်း ဆောင်ရွက်ရန်၊

(ဃ) အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြု လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်၊

စသည်တို့နှင့်အညီ မှတ်ပုံတင်လက်မှတ် စိစစ်ရေး လုပ်ငန်းကော်မတီ (Assessment Committee)၊ အင်ဂျင်နီယာ အထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ် အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ(Accreditation Committee)၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ (Ethics Committee)၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ (Disciplinary Committee)၊ စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာကျင့်ထုံးများပြုစုရေး လုပ်ငန်းကော်မတီ (Standards and Specifications Committee)၊ အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေး လုပ်ငန်းကော်မတီ(Continuing Professional Development Committee)၊ အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ (Companies and Organizations Committee)၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကော်မတီ (National and International Relations Committee) ဟူသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ကော်မတီကြီးရှစ်ရပ်က ဦးဆောင်ကာ "အများပြည်သူ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးသည်သာ အခရာ"(To hold paramount the safety, health and welfare of the public) ဆောင်ပုဒ်နှင့်အညီ မြန်မာ့အင်ဂျင်နီယာလောကတစ်ခုလုံး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**မျှော်မှန်းချက်များ**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ မျှော်မှန်းချက်များဖြစ်သော မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးနှင့် အင်ဂျင်နီယာလုပ်ငန်းများ၏ အဆင့်အတန်းကို အာဆီယံအဆင့်မှ အာရှပစိဖိတ်အဆင့်သို့၊ ထိုမှ အန္တိမပန်းတိုင်အဖြစ် နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့(International Engineering Alliance)၏ အဖွဲ့ဝင်အဆင့်သို့ မြှင့်တင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာပညာရေးတွင် Federation of Engineering Institution of Asia & the Pacific(FEIAP) က တိုင်းကျိုးပြည်ပြုအဆင့်(Nation Building) သတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာပညာ မြှင့်တင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များအရ–

- ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်(World Fedration of Engineering Organization–WFEO)
- အာရှ–ပစိဖိတ် အင်ဂျင်နီယာအဖွဲ့ချုပ် (Federation of Engineering Institution of Asia of the Pacific–FEIAP)
- ယူကေ အင်ဂျင်နီယာကောင်စီ(UK Engineering Council)
- အာဆီယံ အင်ဂျင်နီယာပညာနှင့် နည်းပညာ အကယ်ဒမီ(ASEAN Academy of Engineering & Technology – AAET)
- စင်ကာပူ အင်ဂျင်နီယာပညာရှင်ဘုတ်အဖွဲ့ (Professional Engineers Board, Singapore)
- မလေးရှား အင်ဂျင်နီယာအသင်း(Institution of Engineer, Malaysia)
- မလေးရှား အင်ဂျင်နီယာဘုတ်အဖွဲ့(Board of Engineers, Malaysia)
- ပါကစ္စတန် အင်ဂျင်နီယာကောင်စီ (Pakistan Engineering Council)
- ဖိလစ်ပိုင် နည်းပညာဆိုင်ရာကောင်စီ (Philippine Technological Council)
- ဩစတြေးလျ အင်ဂျင်နီယာများအဖွဲ့ (Engineers, Australia)
- တရုတ်(တိုင်ပေ) အင်ဂျင်နီယာ ပညာရေးဆိုင်ရာ အဖွဲ့အစည်း (Institute of Engineering Education, Taiwan–IEET)
- တရုတ်အင်ဂျင်နီယာအသင်း (China Institute of Engineers)
- တရုတ် သိပ္ပံနှင့် နည်းပညာအသင်း (China Association for Science & Technology)
- ကွမ်ရှီးသိပ္ပံနှင့်နည်းပညာအသင်း (Guangxi Association for Science & Technology–GAST)
- နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့ (International Engineering Alliance–IEA)

စသော နိုင်ငံတကာမှ အဖွဲ့အစည်းအသင်းအပင်းများနှင့် ဆက်သွယ်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အင်ဂျင်နီယာကောင်စီ၏ ဆောင်ရွက်ချက်များ**

အင်ဂျင်နီယာပညာရေးနှင့် ပတ်သက်၍ နိုင်ငံတကာမှ အင်ဂျင်နီယာပညာရှင် (Professional Engineer)များအတွက် Washington Accord၊ ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ(Engineering Technologist)များအတွက် Sydney Accord နှင့် နည်းပညာရှင် (Engineering Technician) များအတွက် Dublin Accord များ ကမ္ဘာတစ်ဝန်း၌ ပေါ်ထွန်းလာခဲ့ပြီးဖြစ်သလို တစ်ဖက်တွင်လည်း အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဘွဲ့နှင့်ဒီပလိုမာသင်တန်းများ ပြီးဆုံးချိန်၌ တတ်မြောက်ရမည့်အရည်အချင်း(Graduate Attributes) ၁၂ ချက်ကို နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့(I.E.A) က ထုတ်ပြန်သတ်မှတ်ထားပြီးဖြစ်သည်။

ဤသည်တို့ကိုအကြောင်းပြု၍ ဘွဲ့လွန်ကာလတွင် လုပ်ငန်းခွင်အသီးသီး၌ ဝင်ရောက်လုပ်ကိုင်နေကြသော အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်နှင့် နည်းပညာကျွမ်းကျင်သူများအတွက် အရည်အချင်းသတ်မှတ်ချက် (Professional Competencies Agreements)များ ပေါ်ထွက်လာခဲ့သည်။ International Professional Engineers Agreement၊ International Engineering Technologists Agreement နှင့် Agreement for International Engineering Technicians တို့မှ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ အရည်အချင်းသတ်မှတ်ချက် ၁၂ ချက်စီ အသီးသီး ပေါ်ထွက်လာခဲ့သည်။

မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေး စနစ်တွင် ၂၀၁၃ ခုနှစ် မတိုင်မီအထိ အင်ဂျင်နီယာဘွဲ့သင်တန်းနှင့် ဒီပလိုမာသင်တန်းများသာ ရှိခဲ့ပြီး အင်ဂျင်နီယာဘွဲ့ရပြီးနောက် ဆက်လက်လေ့လာရမည့် အထောက်အကူပြုစနစ်၊ အင်ဂျင်နီယာပညာရပ်နှင့် ဆက်စပ်သည့် Professional Development သင်တန်းများ မရှိခဲ့ပေ။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပေါ်ထွက်လာပြီးနောက် အင်ဂျင်နီယာများ၏ အရည်အသွေး တိုးတက်မြင့်မားရေးနှင့် ဘွဲ့ရအင်ဂျင်နီယာများ၏ အရည်အသွေးကို နိုင်ငံတကာအဆင့်မီစေရေးအတွက် ဆောင်ရွက်ခဲ့ရာ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်သို့ ရောက်လာသည့် ဘွဲ့ရ အင်ဂျင်နီယာများအနေဖြင့် Professional Competency Assessment ရှိလာစေရန် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက ဆောင်ရွက်ခဲ့သည်။

နည်းပညာတက္ကသိုလ်များအတွက်လည်း အရည်အသွေး စိစစ်အသိအမှတ်ပြုမှုဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲကာ ရန်ကုန်နည်းပညာတက္ကသိုလ်အား အင်ဂျင်နီယာပညာ အရည်အသွေးစိစစ်မှုကို စတင်ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ Engineering Assessment & Accreditation လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက မြန်မာနိုင်ငံကို ကိုယ်စားပြု၍ အမျိုးသားအဆင့်ဖြင့် ဆောင်ရွက်နေခဲ့ခြင်း၏ အကျိုးရလဒ်အဖြစ် ၂၀၁၇ ခုနှစ် International Engineering Alliance (IEA) အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခံခဲ့ရသည်။

အဆိုပါ အစည်းအဝေးက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုကာ Washington Accord သို့ Provisional Signatory Status စတင်လျှောက်ထားရန် ဖိတ်ခေါ်ခဲ့သည်။ ပုံမှန်အားဖြင့် Provisional Signatory Status စတင်လျှောက်ထားချိန်မှစ၍ နှစ်နှစ် ကြာမြင့်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ကြိုတင်ဆောင်ရွက်ထားမှုအချို့မှာ ပြည့်စုံပြီးဖြစ်သည့်အတွက် တစ်နှစ်တာအတွင်းမှာပင် Status ရရှိနိုင်သည့် နည်းလမ်းဖြင့် လျှောက်ထားရန် ဖိတ်ခေါ်ခံခဲ့ရခြင်းဖြစ်သည်။ ဤသို့ဖြင့် ၂၀၁၈ ဇွန်လက လန်ဒန်၌ကျင်းပသော IEA အစည်းအဝေး၌ လျှောက်ထားခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် Washington Accord တွင် Provisional Signatory ရရှိခဲ့ပြီးဖြစ်သည်။

**အင်ဂျင်နီယာအသင်းချုပ်**

မြန်မာအင်ဂျင်နီယာတို့၏ အသင်းအဖွဲ့တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တွင်လည်း အသင်းဝင်ပေါင်း ၆၅၀၀၀ ကျော်ရှိပြီး Inter. Disciplinary Committee ၃၆ ခုနှင့် Technical Division ၂၉ ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေသည်။ အာဆီယံဒေသတွင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအချို့ရှိ အင်ဂျင်နီယာ အသင်းအပင်းများနှင့် ချိတ်ဆက်ကာ ကျယ်ပြန့်သော အင်ဂျင်နီယာအသိုက်အဝန်းကို ကြိုးပမ်းထူထောင်လျက်ရှိသည်။ နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ ပြည်၊ မုံရွာ၊ မကွေး၊ မော်လမြိုင်၊ တာချီလိတ်၊ ပုသိမ်၊ လားရှိုး၊ ကလော၊ စစ်တွေ၊ ကျိုင်းတုံ၊ မြစ်ကြီးနား၊ ထားဝယ်၊ လွိုင်ကော်၊ ပဲခူး၊ တောင်ငူ၊ ဟားခါး၊ ကလေး၊ ဘားအံ၊ မြိတ်၊ ကျောက်ဖြူ၊ မူဆယ်၊ ကော့သောင်း၊ တမူး၊ မြဝတီ စသောမြို့များ၌လည်း အသင်းရုံးခွဲများကို ဖွင့်လှစ်ကာ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ အင်ဂျင်နီယာလောကတစ်ရပ်လုံး တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသော စည်းမျဉ်းကြပ်မတ်ရေး အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာ အသင်းအပင်းဖြစ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့အနေဖြင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း ယူနက်စကိုက သတ်မှတ်လိုက်သည့် ကမ္ဘာ့အင်ဂျင်နီယာနေ့ (World Engineering Day) အခမ်းအနားကို "မပြတ်တိုးတက် စဉ်အဆက်... တွဲလက်ညီညာ အင်ဂျင်နီယာ" ဟူသော ဆောင်ပုဒ်နှင့်အညီ လာမည့် မတ်လ ၄ ရက်မှ အစပြုကာ နှစ်စဉ်နှစ်တိုင်း အောင်အောင်မြင်မြင် ကျင်းပသွားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ။

## မုံရွာမြို့၌ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အကြိုအစည်းအဝေးပြုလုပ်

**မုံရွာ ဖေဖော်ဝါရီ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမင်းတို့က ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာဆာဗေး သုတေသနကုမ္ပဏီမှ တာဝန်ရှိသူများက စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ အကောင်အထည်ဖော်မည့် အစီအစဉ်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုစစ်တမ်း သုတေသန၏ ကနဦး လေ့လာတွေ့ရှိချက်များကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြကာ အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး၍ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**မွေးကြူဇင်**

## လှိုင်ကော်မြို့၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ငြိမ်းချမ်းရေးအပြေးပြိုင်ပွဲ ကျင်းပ

**လှိုင်ကော် ဖေဖော်ဝါရီ ၁၂**
(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးသည့် (၅)ကီလိုမီတာ (အမျိုးသား/ အမျိုးသမီး) အသက်(၁၅)နှစ်အောက် ငြိမ်းချမ်းရေးအပြေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၆ နာရီက လှိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ နာရီစင်၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆို့၊ ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့သည်။

အမျိုးသား/အမျိုးသမီး (၅)ကီလိုမီတာ အပြေးပြိုင်ပွဲများကို ပြည်နယ်ဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးပြီး ငြိမ်းချမ်းရေး အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားများက လှိုင်ကော်မြို့ နာရီစင်မှ စာတိုက်အဝိုင်း၊ ထိုမှတစ်ဆင့် ကယားဒေးကွင်းအဝိုင်းမှ ကွန်ပျူတာတက္ကသိုလ်ရှေ့၊ ထိုမှတစ်ဆင့် မြို့ဦးကျောင်းမီးပွိုင့်ကို ဖြတ်သန်း၍ ကန္တရဝတီ လမ်းမကြီးအဝိုင်း ပြည်နယ်ခန်းမရှေ့၌ ပန်းဝင်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ပြည်နယ်ခန်းမအတွင်း၌ ဆက်လက်ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသား/အမျိုးသမီး ပြိုင်ပွဲအလိုက် ပထမမှ တတိယဆု ရရှိသူ သုံးဦးစီကို ဆုများချီးမြှင့်ကာ အမှတ်စဉ်(၄)မှ (၁၀)အတွင်း ပန်းဝင်ခဲ့သူများအား ဂုဏ်ပြုဆုငွေ ကျပ် ၃၀၀၀၀ နှင့် အမှတ်စဉ်(၁၁)မှ အမှတ်စဉ်(၅၀)အတွင်း ပန်းဝင်ခဲ့သူများအား ဂုဏ်ပြုဆုငွေ ကျပ် ၁၀၀၀၀ စီကိုလည်း ချီးမြှင့်ဂုဏ်ပြုခဲ့သည်။ အဆိုပါ (၅)ကီလိုမီတာ ငြိမ်းချမ်းရေး အပြေးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် စုစုပေါင်း ၇၀၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**



## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ပထမအကြိမ် မြင်းစီးအားကစားပြိုင်ပွဲကျင်းပ

**မကွေး ဖေဖော်ဝါရီ ၁၂**
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၊ မကွေးတိုင်းဒေသကြီး မြင်းစီးအသင်းနှင့် မကွေးဒေသခံပြည်သူများ ပူးပေါင်း၍ (၇၃)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပထမအကြိမ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြင်းစီးအားကစားပြိုင်ပွဲ ဖွင့်ပွဲကို မကွေး FC ကွင်း၌ ဖေဖော် ဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများက မြင်းစီးကွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် တိုင်းဒေသကြီး မြင်းစီးအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက ပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက်မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် မြန်မာ့ရိုးရာမြင်းစီးအသင်း ကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက မြင်းစီးအားကစားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ(၁)ဦးကျင်ဦးက မြင်းစီးအားကစားပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးငွေ ကျပ်သိန်း ၂၀ ကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ မကွေးမြို့နယ် ပန်းညိုစမ်းရွာမှ မြင်းရှင် ကိုမျိုးမင်းထွန်းနှင့် မြင်းမလေး 'ပွဲတက်မယ်' တို့က မြင်းလိမ္မာ အက အလှများကိုလည်းကောင်း၊ မကွေးမြို့၏ဂုဏ်ဆောင် မြင်းစီးအားကစားသမား ကိုကိုဦးနှင့် မြင်းစီးအားကစားမယ် သောင်းသောင်းစိုးတို့က မြန်မာ့ရိုးရာ မြင်းရေး ၁၇ ပါး ကျွမ်းကျင်မှုကိုလည်းကောင်း၊ မန္တလေးမြို့ Henry's Farm မြင်းစီးကလပ်မှ မြင်းစီးအားကစားသမား ရန်နိုင်လင်းက မြင်းမလေး အိန်ဂျယ်နှင့်အတူ အပြည်ပြည်ဆိုင်ရာ တန်းခုန်နည်းစနစ်ကိုလည်းကောင်း သရုပ်ပြစီးနင်းတင်ဆက်ခဲ့သည်။

အဆိုပါ ပထမအကြိမ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြင်းစီးအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများအနေဖြင့် ဒုန်းစီးပြိုင်ပွဲများ၊ အသားကျစီးပြိုင်ပွဲများနှင့် သရုပ်ပြပွဲ၊ စွမ်းရည်ပြပွဲများ ပါဝင်ကာ ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျင်းပခဲ့သည်။

**သန်းနိုင်ဦး(ဇဖဲ)**



မြင်းစီးပြိုင်ပွဲ ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို အမှာစကားပြောကြားစဉ်

## ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင်သစ်ကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂**
ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံ၌ ပြည်ထောင်စုရန်ပုံငွေ ကျပ် ၇၂၁၇ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ အထူးအဖွဲ့(၈)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားခဲ့သည့် တိုးချဲ့နှစ်ထပ်ဆောင်သစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇယ်ခေါင်နှင့် ပြည်နယ်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာအေးသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် လူနာတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က တိုးချဲ့နှစ်ထပ်ဆောင်သစ်အတွင်းရှိ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ကလေးပျော်ခန်းနှင့် လူနာခန်းကိုးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အဆောင်သစ်အတွင်း ဆေးဝါးကုသမှု ခံယူနေသော လူနာများအား ပြည်နယ်ဝန်ကြီးချုပ်က တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ဝိုင်းမော်မြို့ဆေးရုံတွင် တိုးချဲ့ဆောင်သစ်ကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးအပ်နိုင်မည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းမှာကြားခဲ့ကာ ပြည်နယ် ကုသရေးဦးစီးဌာနဦးစီးမှူးက တိုးချဲ့ဆောင်သစ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံကို ၁၉၆၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး စတင်ဖွင့်လှစ်စဉ်က (၁၆)ခုတင်ဆံ့ဆေးရုံဖြစ်ကာ ၂၀၀၅ ခုနှစ်အတွင်း (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်၍ ဖွင့်လှစ်ခဲ့သည်။ သက်တမ်းအားဖြင့် ၅၂ နှစ်ကျော် ရှိပြီဖြစ်ပြီး မြို့နယ်အတွင်း လူဦးရေတိုးပွားလာခြင်းကြောင့် အဆောင်လိုအပ်ချက်အရ တိုးချဲ့ဆောင်သစ်ကို ဆောက်လုပ်ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။

**ပြည်နယ် (ပြန်/ဆက်)**

## ကျုံပျော်မြို့နယ် ရွှေနှင့်မြ မင်္ဂလာကျောင်းဆောင်သစ်ကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**ကျုံပျော် ဖေဖော်ဝါရီ ၁၂**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြို့ချောင်းကျေးရွာ အလကကျောင်းရှိ ရွှေနှင့်မြ မင်္ဂလာ စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးထွန်းနှင့် အလှူရှင် ဦးအောင်ရွှေ-ဒေါ်မြမြလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကဏ္ဍသည် အထူးအရေးကြီးကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပညာရေးဖွံ့ဖြိုးရန် လိုအပ်လျက်ရှိချိန်တွင် မြို့ချောင်းကျေးရွာ စာသင်ကျောင်း၌ လိုအပ်သော ကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းပေးသည့်အတွက် အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များကိုယ်စား ဦးနေလင်းက ကျောင်းဆောင်လှူဒါန်းသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အလှူရှင်များက ကျောင်းဆောင်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ရွှေနှင့်မြ မင်္ဂလာ ကျောင်းဆောင်သစ်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိပြီး အလှူရှင် မိသားစုအနေဖြင့် အဆိုပါ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်အတူ ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်ဟောင်းနှစ်ခုကို ပြုပြင်ခြင်း၊ စာရေးခုံများ ပြုလုပ်ခြင်း၊ စကြံလမ်းနှင့် သန့်စင်ခန်းများ ဆောက်လုပ်ခြင်းတို့အတွက် ကုန်ကျစရိတ်များကိုလည်း လှူဒါန်းခဲ့ကာ ကျောင်းဆောင်သစ်အပါအဝင် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုး ကျပ်သိန်း ၅၃၀ ဖြစ်ကြောင်း သိရသည်။ **နေဝင်း(ပြန်/ဆက်)**



ကျောင်းဆောင်သစ်အတွင်းသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် လှည့်လည်ကြည့်ရှုစဉ်

# အမြို့မြို့အနယ်နယ်၌ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပ

**မုံရွာ**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့နှင့် ဒေသခံများသည် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မုံရွာမြို့ ကန်သာယာရွှေလိမ္မော်ကျွန်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့က နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် အားကစားပြိုင်ပွဲများ၊ စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဟောပြောပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများနှင့် ဆုတံဆိပ်များကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

**ကျိုက်မရော**
(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မွန်ပြည်နယ် ကျိုက်မရောမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က ဖတ်ကြားသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

**တီးတိန်**
ချင်းပြည်နယ် တီးတိန်မြို့တွင် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ခွာဒိုခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင့်ခိုင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပေါင်ကျင့်မုန်(ပြန်/ဆက်)**



မုံရွာမြို့ ကန်သာယာရွှေလိမ္မော်ကျွန်း၌ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပစဉ်။

**ခန္တီး**
(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အလံတင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ မြို့နယ်အားကစားကွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်းများ ပြုလုပ်သည်။

အခမ်းအနားသို့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးငွေကျော်နှင့် ခရိုင် / မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်တက်လမ်း**

**ပူတာအို**
ကချင်ပြည်နယ် ပူတာအိုမြို့တွင် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ပူတာအိုမြို့ အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားသည်။ မြို့နယ်ပြည်သူ့ အားကစားကွင်း၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **ဆန်းညွန့်(ပူတာအို)**

**လပွတ္တာ**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တွင် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က နေသူရိန် ပြည်ထောင်စုကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာအား ခေတ္တခရိုင် အုပ်ချုပ်ရေးမှူးက ဖတ်ကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းကျော်မြင့်(ပြန်/ဆက်)**

**ကျောက်မဲ**
ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၁) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှိ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ပြည်ထောင်စုနေ့အလံတင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား လွှင့်တင်ခြင်းနှင့် အလေးပြုခြင်းတို့ကို ပြုလုပ်ကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာအား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက ဖတ်ကြားသည်။

ယင်းနောက် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ အထက်တန်း/ အလယ်တန်းအဆင့် ဗိုလ်ချုပ်ပုံတူပန်းချီ ဆွဲပြိုင်ပွဲ၊ မီနီမာရသွန်အပြေးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**မိုင်းထွန်း(ပြန်/ဆက်)**

## ပွဲငှားသူများ၏ မိတ္ထီလာမြို့မှ ဆင်အကအဖွဲ့များ လုပ်ငန်းအဆင်ပြေလာပြီး ဆင်အကပညာရပ်လည်း တိုးတက်လာ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၂**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ရိုးရာဆင်အက အဖွဲ့များအနေဖြင့် ယခုနှစ်တွင် ယခင်နှစ်များထက် ပွဲငှားသူများသဖြင့် လုပ်ငန်းများပို၍ အဆင်ပြေလာကြကြောင်း သိရသည်။



ဆင်အကဖြင့် ဖျော်ဖြေနေသည်ကို စိတ်ဝင်စားစွာ ကြည့်ရှုနေသော ကျောင်းသား ကျောင်းသူလေးများ။

မိတ္ထီလာမြို့ ရွှေသဲမောင် ဆင်အကအဖွဲ့ လုပ်ငန်းပိုင်ရှင် ကိုဝင်းမိုးဟိန်းက ''ဆင်အကလိုက်တာကို ကျွန်တော် ၂၀၁၈ ခုနှစ်ကမှ စတင်လုပ်ကိုင်ခဲ့တာပါ။ အဲဒီနှစ်က ၁၀ ပွဲလောက်ပဲ လိုက်ခဲ့ရပါတယ်။ ၂၀၁၉ မှာ ပွဲတွေပိုပြီး လိုက်ခဲ့ရတယ်။ အခုနှစ်မှာတော့ နှစ်စမှာပဲ အရင်နှစ်တွေထက် ပွဲလိုက်ရတာ ပိုများနေပါတယ်။ ရှေ့လထဲမှာ လိုက်ခဲ့ရတဲ့ပွဲတွေရှိသလို နောက်လက်ခံထားတဲ့ ပွဲတွေလည်း ရှိလာပါပြီ။ မိတ္ထီလာမြို့မှာလည်း ကျွန်တော်တို့ရဲ့ ဆင်အကကို စိတ်ဝင်စားမှု ပိုမိုများပြားလာပါတယ်။ အရင်က မိတ္ထီလာမြို့မှာ ဆင်အကအဖွဲ့ နှစ်ဖွဲ့ပဲရှိပေမယ့် အခုဆို ငါးဖွဲ့အထိ ရှိလာပါပြီ။ ဆင်အကကို စိတ်ဝင်စားမှု တိုးတက်လာသလို ဆင်အကအဖွဲ့တွေ တိုးတက်လာတာလည်း တွေ့ရပြီး ဆင်အကလုပ်ငန်း ဒီထက်တိုးတက်ဖို့ မျှော်လင့်ပါတယ်။ ဆင်အကက ကျောက်ဆည်မြို့က စတင် ဆင်းသက်လာတာမို့ ကျွန်တော်တို့နဲ့ အလှမ်းဝေးပါတယ်။ ဝါသနာအရ ကျွန်တော့်အစ်ကို ဆရာတွေဆီမှာ သင်ယူပြီး ကျွန်တော် ထောင်ခဲ့တာပါ။ ဒီဆင်အကက အင်မတန်ခက်ခဲပင်ပန်းပါတယ်။ ဆင်အကကို နောက်ထပ် လူငယ်တွေ စိတ်ဝင်စားလာပြီး ကျောက်ဆည်မြို့ကို မမီရင်တောင် ကျွန်တော်တို့ မိတ္ထီလာမြို့မှာ ဆင်အကအဖွဲ့တွေ အများကြီး ပေါ်ထွက်လာဖို့လည်း မျှော်လင့်ပါတယ်'' ဟု ပြောသည်။

ဆင်အကကို ယခင်က ရိုးရိုးအိုးစည်၊ ဒိုးပတ်၊ ဗုံတို့ဖြင့် အဆင်ပြေသလို ကခဲ့ကြသော်လည်း ယခုအခါ ခေတ်နှင့်အညီ ကီးဘုတ်၊ တီးဝိုင်း၊ ဆလိုက်မီးရောင်စုံတို့နှင့် ကပြရကြောင်း၊ ဆင်အကလုပ်ငန်း ယခုထက်ပို၍ တိုးတက်ပြီး ရေရှည်တိုးတက်စေရန်အတွက် ဆင်အကကို လူငယ်များ စိတ်ပါဝင်စား လေ့လာသင်ယူရန် လိုအပ်သလို ဆင်အကအဖွဲ့ တည်ထောင်ထားသူများ ပွဲများ ရရန်လည်းလိုကြောင်း သိရသည်။ လက်ရှိအချိန်တွင် မိတ္ထီလာမြို့၌ ဆင်အကကို လူအများ စိတ်ဝင်စားမှု ပို၍ များပြားလာသည်နှင့်အမျှ ဆင်အက အဖွဲ့အစည်းများနှင့် ဆင်အက ပြိုင်ပွဲများ ဖြစ်ပေါ်လာရန်လည်း ဆင်အကလုပ်ငန်း လုပ်ကိုင်သူများ မျှော်လင့် နေကြသည်။

ရွှေသဲမောင် ဆင်အကအဖွဲ့တွင် ဆင်အက ကပြနေသူ ကိုဝေလင်းက ''မနှစ်ကထက်ပွဲတွေ ပိုကလာရပါတယ်။ ဆင်အကအတွက် ငွေရေးကြေးရေး အခက်အခဲတွေရော၊ အခြားအခက်အခဲတွေပါ ရှိပါတယ်။ ကျွန်တော်ဆို ဆင်အကမှာ သိပ်ကျွမ်းကျင်အဆင့် မရောက်သေးပါဘူး။ ကိုယ့်ထက် ဆရာကျတဲ့ ပညာရှင်တွေဆီမှာ အများကြီး သင်ယူလေ့လာချင်ပါတယ်။ တပည့်ခံ သင်ယူမှာပါ။ မိတ္ထီလာမြို့မှာ ဆင်အက ကတာတွေဟာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူကြပါဘူး။ ဆင်အက တိုးတက်ဖို့ ပညာတွေ ဒီထက် သင်ယူချင်သလို ဆင်အကပြိုင်ပွဲတွေ ပေါ်ပေါက်လာမယ်ဆိုရင် ဆင်အက ပညာရပ်တွေလည်း တိုးတက်လာမယ်၊ ဒီထက်တိုးတက်အောင်လည်း ကြိုးစားချင်ပါတယ်'' ဟု ပြောသည်။

ကျောက်ဆည်မြို့မှ ဆင်အကနှင့် ဆင်အက ပြိုင်ပွဲများမှာ မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသောကြောင့် မိတ္ထီလာမှ ဆင်အကလုပ်ငန်းများအနေဖြင့် ကျောက်ဆည်မြို့မှ ဆင်အက ပညာရှင်များထံမှ သင်ယူ၍ ပူးပေါင်းလုပ်ဆောင်လျက်ရှိပြီး ဆင်အကကို လူအများ စိတ်ဝင်စားမှု တိုးတက်လာစေရန် ဆက်လက် ကြိုးပမ်းနေကြကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## မြန်မာနိုင်ငံတွင် အီတလီမှ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**
မြန်မာနိုင်ငံနှင့် အီတလီနှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့၌ ပိုမိုတိုးမြှင့်ရန် ကြိုးပမ်းနေကြောင်း မြန်မာနိုင်ငံဆိုင်ရာအီတလီသံရုံးမှ သိရသည်။

မြန်မာပြည်တွင်ရှိသော အီတလီကုမ္ပဏီများကို ပြည်တွင်းခရီးသွားများ ပိုမိုဝင်ရောက်ရန် ဖိတ်ကြားထားလျက် တနင်္သာရီတိုင်းဒေသကြီးတွင်ရှိသော ဆလုံလူမျိုးများနေထိုင်ရာ လန်ပိကျွန်း၌ ခရီးသွားစင်တာဖွင့်လှစ်ပြီး ခရီးသွားကဏ္ဍ တိုးမြှင့်ရေးကို ဖော်ဆောင်လျက်ရှိကြောင်း၊ ပွင့်လင်းရာသီတွင် အီတလီနိုင်ငံမီလန်မြို့မှ ရန်ကုန်မြို့သို့ တစ်ပတ်တစ်ကြိမ်တိုက်ရိုက်ပြေးဆွဲနေသည့် ဥရောပလေကြောင်းလိုင်းတစ်လိုင်းကို ဖွင့်လှစ်ထားရှိရာ နှစ်နိုင်ငံခရီးသွားကဏ္ဍတိုးမြှင့်မှုကို ပိုမိုတွေ့မြင်လာရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အီတလီသံရုံးမှ သိရသည်။

